# ENVIRONMENTAL IMPACT ASSESSMENT (EIA) FOR

# AUNG SINKHA DEVELOPMENT OF MYANMAR BLOCK M3

PTTEP


PREPARED BY

IEM International Environmental Management Co., Ltd.

IN ASSOCIATION WITH

EQM Environmental Quality Management Co. Ltd.

IEM

To

Director General

Environmental Conservation Department

Ministry of Natural Resources and Environmental Conservation Nay Pyi Taw

Date: 3rd March 2024

Subject: Confirmation of Information Accuracy in the Environmental Impact Assessment (EIA) Report

This letter serves as a formal declaration by International Environmental Management Co. Ltd. (IEM), the Environmental Impact Assessment (EIA) consultant company, affirming that the information contained within the EIA report prepared for ASK Development of Myanmar Block M-3 implemented by PTTEP is accurate and has been diligently compiled.

We hereby confirm that all data, analyses, and conclusions presented in the EIA report have been conducted following the relevant guidelines, standards, and methodologies stipulated for such assessments. The findings and recommendations detailed in the report are based on thorough research, field studies, and expert evaluations conducted by our qualified and experienced team of professionals.

It is our commitment to ensure the highest level of accuracy and reliability in our assessments to facilitate informed decision-making processes for all stakeholders involved. Should there be any need for further verification or additional information, we remain at your disposal to provide any necessary clarification.

Thank you for your attention to this matter.

Yours sincerely,

Ron D. Livingston

Ron D. Livingston

President & CEO

International Environmental Management Co. Ltd. (IEM)

# 1. အကျဉ်းချုပ်အစီရင်ခံစာ

# ၁။ အကျဉ်းချုပ်အစီရင်ခံစာ

## ၁.၁ စီမံကိန်းအကြောင်းအရာ

ဤစီမံကိန်းအတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်းကတိစာချုပ် (PSC) ကို မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်း (MOGE) နှင့် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့သည် PSC စတင်အကျုံးဝင်သည့်နေ့ဖြစ်ပါသည်။

လုပ်ကွက် M-3 တွင်းတူးခြင်းကို M-3 Discovery ဧရိယာအတွင်းရှိ Aung Sinkha-12 တွင် ရှာဖွေရေးတွင်းတစ်တွင်းတူးဖော် ဆောင်ရွက်ပါမည်။ Aung Sinkha-12 တည်နေရာရှိ ရေအနက်မှာ ၁၅-၂၀ မီတာခန့်ဖြစ်ပြီး တွင်းတူးလုပ်ငန်းဆောင်ရွက်ရန် သုံးချောင်းထောက် တွင်းတူးစက် (Jack-Up Rig) လိုအပ်ပါသည်။ တူးဖော်ခြင်းနှင့် ထုတ်လုပ်မှု လုပ်ငန်းများနှင့် ဆက်စပ်နေသော သက်ရောက်မှုများကို လျော့နည်းစေရန်နှင့် အရင်းအမြစ်များ နေရာချခြင်းကို အကောင်းဆုံး ဖြစ်စေရန် အဆိုပြုထားသော အကဲဖြတ်တွင်းဧရိယာအား ASK 12 တည်နေရာမှ 2 ကီလိုမီတာ ပတ်လည်အဖြစ် သတ်မှတ်ထားပါသည်။

ဤအစီရင်ခံစာကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ် (၂၀၁၅) အပိုဒ် ၂၃-၂၈ နှင့်အညီ လုပ်ကွက် M3 တွင်းတူးလုပ်ငန်းကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်းကတိစာချုပ် (PSC) အရ PTTEPI မှ ဆောင်ရွက်မည် ဖြစ်ပါသည်။

International Environmental Management (IEM) Co. Ltd. နှင့် Environmental Quality Management (EQM) ကို EIA လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် PTTEPI မှ တာဝန်ပေးအပ်ခဲ့ပါသည်။

PTTEPI လုပ်ငန်းများအား ဆောင်ရွက်ရန် IEM နှင့် EQM သည် EIA လုပ်ထုံးလုပ်နည်း၏ အပိုဒ် 48 အရ EIA အစီရင်ခံစာအတွက် နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းနှင့် TOR ပြင်ဆင်မှုတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့်သည် EIA ကာလအတွင်း နောက်ထပ် စုံစမ်းစစ်ဆေးရန် လိုအပ်မည့် ဆောင်ရွက်မှုများနှင့် သက်ရောက်မှုများကို ဖော်ထုတ်ရန်နှင့် လူမှုရေး၊ ကျန်းမာရေးနှင့်၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထိခိုက်မှုများ အပါအဝင် အဆိုပြုစီမံကိန်းမှ အဓိက ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို သတ်မှတ်ရန် ဖြစ်ပါသည်။

ထို့ပြင် EIA လုပ်ငန်းစဉ် အပိုဒ် ၅၀ တွင် ဖော်ပြချက်အရ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်း၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် စီမံကိန်းအဆိုပြုသူသည် လူထုတွေ့ဆုံပွဲများနှင့် ပါဝင်ဆောင်ရွက်မှုများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၁.၂ စီမံကိန်းအဆိုပြုသူ

PTT Exploration and Production Public Company Limited (သို့) PTTEP သည် ထိုင်းနိုင်ငံ၏ ရေနံ ရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခု ဖြစ်ပြီး ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်သော နိုင်ငံကို ရေရှည်တည်တံ့သော ရေနံနှင့် သဘာဝဓါတ်ငွေ့ ထောက်ပံ့နိုင်ရန် ရည်ရွယ်ထားပါသည်။ မြန်မာနိုင်ငံသည် PTTEP နိုင်ငံတကာ

အကျိုးတူဆောင်ရွက်သော ပထမဆုံး အရှေ့တောင်အာရှနိုင်ငံဖြစ်ပြီး လွန်ခဲ့သော ၂၈ နှစ် ကတည်းက ရောက်ရှိလုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ကုမ္ပဏီသည် ထိုင်းပင်လယ်ကွေ့မှ ၎င်း၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို အသုံးပြု၍ မြန်မာနိုင်ငံတွင် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံအတွင်း သီးခြားရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၇ ခုတွင် လုပ်ကိုင်ရန် ပြင်ဆင်နေပါသည်။

မြန်မာနိုင်ငံ၏ ရေရှည် ယုံကြည်ရသောမိတ်ဖက်အဖြစ် PTTEPI သည် မြန်မာ့ ရေရှည်တည်တံ့သော စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူ့စွမ်းအား ဖွံ့ဖြိုးရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

| | |
|---|---|
| **ကုမ္ပဏီအမည်** | PTTEP International Limited |
| **လိပ်စာ** | အမှတ် ၂၊ ဆည်မြောင်းရိပ်သာလမ်း၊ ၈ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ မြန်မာ။ |
| **အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ်** | ဇာခြည်စိမ့်<br>နေဆန်းဦး |
| **ဖုန်း** | 95 (1) 8652700 ~04 |
| **ဝက်ဘ်ဆိုက်** | www.myanmar.pttep.com |

## စီမံကိန်းအဆိုပြုသူအချက်အလက်များ

| | | | |
|---|---|---|---|
| Proponent Name: | PTTEP International Limited | ကုမ္ပဏီမှတ်ပုံတင်အမှတ် (DICA) | 84 FC |
| Contact name of Proponent: | Zarchi Seint | | |
| Proponent's address for correspondence: | 2 Sei-Myaung Yeiktha Lane, 8 ½ Mile Road, MayangoneTownship, Yangon, Republic of the Union of Myanmar | | |
| Telephone (fixed/mobile): | 95 (1) 8652700 ~04 | Fax: 018661814 | Email address: zarchiseint@pttep.com |

## စီမံကိန်းအကြောင်းအရာ

| | |
|---|---|
| Project Title | **PTTEPI Offshore Block M3 Exploration/ Appraisal Drilling** |
| Project Location (Address) | Offshore Block M3, Myanmar |

PTTEPI မှ စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်သူများကို အောက်ပါဇယား တွင် ဖော်ပြထားပါသည်။

| အမည် | ရာထူး |
|---|---|
| Nyan Win Thu | Safety, Security, Health and Environment Manager |
| Sarintip Sritongkam | Government Affairs & External Relations Manager. |
| Sipira Kularbkeaw | Manager, Project Services Section |
| Aung Kyaw Soe | Senior Engineer, Drilling |
| Phumphong Prakthong | Engineer, Environment |
| Si Thu Kyaw | Officer, Project Coordination Support |
| Zayar Nay Lin | Assistant Officer, Social Development Projects |
| Zar Chi Saint | Engineer, Environment |
| Hsu Myat Maw | Engineer, Environment |

## ၁.၂.၁ EIA ဆောင်ရွက်သည့် တတိယအဖွဲ့အစည်း

EIA **အစီရင်ခံစာ ပြုစုရာတွင် ပါဝင်သူများ**

**Team Leader of the team**

| Name (Sur name, Given name) | Registration / License No. by ECD | Organization | Contact details | Area of expertise |
|---|---|---|---|---|
| Ron Livingston | 0011 | IEM | ron@iem-global.com | Team Leader, EIA Expert, Public Involvement and Socio Economics, Chemistry, Zoology |

**Member of the team (except the team leader)**

| Name (Sur name, Given name) | Registration / License No. by ECD (if registered) | Organization | Contact details | Area of expertise |
|---|---|---|---|---|
| Dr. Ohnmar May Ting Hlaing | 0009 | EQM | contact@eqm-myanmar.com | Air Modeling Expert, Water Discharge Modeling Expert and Hazardous Waste Management |
| Randal Glaholt | 0011 | IEM | ron@iem-global.com; | Ecology and Biodiversity |
| Thom Stubbs | 0011 | IEM | ron@iem-global.com; | Socio Economy |

| | | | | |
|---|---|---|---|---|
| Dylan Jenkins | 0011 | IEM | ron@iem-global.com; | Geotechnical and Environmental Engineering |
| Ubonwan Sintopan | 0011 | IEM | ron@iem-global.com; | GIS |
| Komgrit Prawatlertudom | 0011 | IEM | ron@iem-global.com; | Environmental Sampling |
| Myat Myitzu | | IEM | zuzu@iem-thai.com | Waste Management, Health Impact Assessment |
| Thiha Htut | 0011 | IEM | contact@eqm-myanmar.com | Air Pollution Control Water Pollution Control<br>Noise and Vibration |
| Dr. Thwae Mu Mu Myint | 0009 | EQM | contact@eqm-myanmar.com | Socio Economy, Risk Assessment and hazard Management, Safety and<br>Health |
| Ye Naung Tun | 0009 | EQM | contact@eqm-myanmar.com | Biodiversity and WasteManagement, |
| No No Lwin | 0009 | EQM | contact@eqm-myanmar.com | Chemical Engineering, Process Design |
| Zaw Myo Htet | 0009 | EQM | contact@eqm-myanmar.com | Legal Study and Analysis |
| Htet Myat Paing | 0009 | EQM | contact@eqm-myanmar.com | Archaeological and Cultural Heritage and<br>Material Historical Assets |
| Soe Thu Aung | 0009 | EQM | contact@eqm-myanmar.com | Geology and Soil sampling |

## ၁.၃ ဥပဒေ၊ မူဝါဒနှင့် ဖွဲ့စည်းပုံမူဘောင်

### ၁.၃.၁ နိုင်ငံအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအပိုဒ် ၇ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ပုဒ်မ ၅၂ နှင့် ၅၃ တို့အရ PTTEPI သည် အဆိုပါ စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ရရှိရန် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာကို ရေးဆွဲရန် လိုအပ်ပါသည်။

EIA လေ့လာမှုဆောင်ရွက်ခြင်းအတွက် လိုအပ်သော ဥပဒေများအားလုံးကို လိုက်နာ ဆောင်ရွက်သွားပါမည်။

- ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ။ (၂၀၁၂)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ။(၂၀၁၄၊ ဇွန်လ)
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အုပ်ချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ မူကြမ်း (၂၀၁၅)
- ကုန်းတွင်းနှင့် ကမ်းလွန် ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု လမ်းညွှန်ချက်မူကြမ်း (၂၀၁၅၊ ဒီဇင်ဘာ)
- မြန်မာနိုင်ငံ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ငန်းများအတွက် လူထုပါဝင်မှု လမ်းညွှန်ချက်မူကြမ်း
- အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂၀၁၅)
- IEE/EIA/SIA/HIA အစီရင်ခံစာများအတွက် နိုင်ငံတကာ စံသတ်မှတ်ချက်၊ အလေ့အကျင့်များ၊ လိုက်နာမှုနှင့် လမ်းညွှန်ချက်များ
- ကြိုတင်ပြင်ဆင်ခြင်း- ဥပမာ- International Finance Corporation (IFC), World Bank, Asian Development Bank
- သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ အခြား လိုအပ်ချက်များ

## ၁.၃.၂ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ

စီမံကိန်းသည် World Bank/ IFC (International Finance Corporation) လမ်းညွှန်ချက်များနှင့် လုပ်ငန်းစံသတ်မှတ်ချက်များ အပါအဝင် နိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို လိုက်နာ ဆောင်ရွက်သွားပါမည်။

## ၁.၃.၃ PTTEPI ၏ SSHE မူဝါဒ

PTTEP မြန်မာသည် အဖွဲ့အစည်းအတွင်း မတော်တဆထိခိုက်မှုမရရှိစေရန် SSHE ကတိကဝတ် နှင့်အတူ မြန်မာနိုင်ငံတွင် တူးဖော်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ PTTEPI သည် လုပ်ငန်းခွင်တွင် ပါဝင်လုပ်ကိုင်နေသော မည်သူမဆို၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် လုပ်ငန်းလည်ပတ်သည့် ဒေသရှိ ပြည်သူများ၏ ပိုင်ဆိုင်မှုနှင့် လုံခြုံရေးကို ကာကွယ်ရန် ကတိကဝတ် ပြုထားပါသည်။ လုပ်ငန်းလည်ပတ်သည့် မည်သည့်နေရာတွင် မဆို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များ ပြည့်ဝရန်အတွက် ဒေသတွင်းနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ကို အလေးထားပြီး လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အောက်ပါတို့ကို ကတိကဝတ်ပြုထားပါသည်။

- Behaviour-Based Safety (BBS) အစီအစဉ်ကို အကောင်အထည်ဖော်ပြီး လုံခြုံစိတ်ချရမှုမရှိသော လုပ်ငန်းများအတွက် "Stop Work Authority" ကို ထားရှိပြီး generative SSHE culture ကို ဆောင်ရွက်ခြင်း
- SSHE ၏ ရည်ရွယ်ချက်များ၊ တိုင်းတာနိုင်သော KPIs များတပ်ဆင်ခြင်း၊ SSHE အားအကောင်းဆုံးဆောင်ရွက်နိုင်ရန်အတွက် တွန်းအားပေးသော ရည်မှန်းချက်နှင့် ဆောင်ရွက်မှု အစီအစဉ်ထား ထားရှိခြင်း။
- သက်ဆိုင်သောတာဝန်ဝတ္တရားလိုအပ်ချက်များကို လိုက်နာခြင်း။
- အန္တရာယ်ခွဲခြားသတ်မှတ်ခြင်းနှင့် SSHE အန္တရာယ်အကဲဖြတ်ခြင်းများ လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းစဉ်ဆိုင်ရာ အဖြစ်အပျက်များကို တားဆီးရန် အန္တရာယ်များကို ကျိုးကြောင်းဆီလျော်စွာ လက်တွေ့လုပ်ဆောင်နိုင်သော (ALARP)၊ Safety Cases များတွင် ကိုင်တွယ်ဖြေရှင်းထားသော Safety Critical Elements များကို စောင့်ကြည့်ခြင်းနှင့် Management of Change (MOC) စံနှုန်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို တားဆီးခြင်း။
- ဝန်ထမ်းများနှင့် ကန်ထရိုက်တာများအားလုံးကို အကဲဖြတ်ပြီး လိုအပ်သော အလုပ်အဆင့်နှင့် SSHE အရည်အချင်းကို ထိန်းသိမ်းထားခြင်း။ PTTEP ၏ SSHE လိုအပ်ချက်ကိုရရှိရန် ကန်ထရိုက်တာများနှင့် ပေးသွင်းသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း။
- လုပ်ငန်းဆက်လက်တည်မြဲစေရန်နှင့် ဝန်ထမ်းများနှင့် အဖွဲ့အစည်းအားလုံးကို ကူးစက်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များ၊ လုံခြုံရေးခြိမ်းခြောက်မှုများနှင့် အားနည်းချက်များမှ ကာကွယ်ရန်အတွက် အရေးပေါ်အခြေအနေများနှင့် အန္တရာယ်ကျရောက်မှုများကို ထိရောက်စွာစီမံခန့်ခွဲခြင်း။
- လုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင်ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို မြှင့်တင်ခြင်းနှင့် ဝန်ထမ်းများနှင့် ကန်ထရိုက်တာများအားလုံးအတွက် မူးယစ်ဆေးဝါးနှင့် အရက်ကင်းစင်သော လုပ်ငန်းခွင်အစီအစဉ်ကို ကျင့်သုံးခြင်း။

- ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု အကဲဖြတ်ခြင်း (EIA) တွင်ဖော်ပြထားသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကို တင်းတင်းကျပ်ကျပ်လိုက်နာခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို တားဆီးခြင်း။
- ကာဗွန်ထုတ်လွှတ်မှု လျှော့ချသော နည်းလမ်း၊ circularity concept နှင့် အပြုသဘောဆောင်သော ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ (BES) တန်ဖိုးဖန်တီးမှု။
- ထပ်မံဖြစ်ပေါ်ခြင်းမှ ကာကွယ်ရန် SSHE ဖြစ်ရပ်များကို သတင်းပို့၊ စုံစမ်းပြီး ခွဲခြမ်းစိတ်ဖြာခြင်း။
- မှန်ကန်သော ဆောင်ရွက်မှုများနှင့် တိုးတက်မှုများ ရှိစေရန် မူဝါဒနှင့် SSHE စီမံခန့်ခွဲမှုစနစ်ကို SSHE ရှောင်တခင် စစ်ဆေးမှုနှင့် အကြီးတန်းစီမံခန့်ခွဲသူများကလာရောက်စစ်ဆေးစေခြင်း။

လုပ်ဆောင်ချက်တိုင်းတွင် သတိချပ်ခြင်းဖြင့် PTTEP Myanmar Asset ဝန်ထမ်းများနှင့် ကန်ထရိုက်တာများထံမှ စုစုပေါင်း ကတိကဝတ်ပြုမှုသည် ဤမူဝါဒကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် သော့ချက်ဖြစ်သည်။

## ၁.၄ စီမံကိန်းဖော်ပြချက်နှင့် အခြားရွေးချယ်စရာနည်းလမ်းများ

### ၁.၄.၁ ရည်ရွယ်ချက်

လုပ်ကွက် M3 ရှာဖွေရေးတွင်းတူးလုပ်ငန်း၏ ရည်ရွယ်ချက်မှာ M3 discovery ဧရိယာအတွင်း ကာဗွန်နိတ်နှင့် ဓါတ်ငွေ့သိုက် (volcanic reservoirs) များ၏ ဟိုက်ဒရိုကာဗွန် တည်ရှိမှုကို သက်သေပြရန်ဖြစ်ပြီး ဓါတ်ငွေ့ ခိုအောင်းသောသဲကျောက်လွှာ (clastic sandstone reservoirs) များ ရှိနိုင်ခြေကို ရှာဖွေဖော်ထုတ်ရန် ဖြစ်ပါသည်။

### ၁.၄.၂ စီမံကိန်းအား ထိန်းညှိခြင်း

Domestic Gas to Power Project (DG2P) ကို အနာဂတ်ကာလတွင် ဓါတ်ငွေ့ထောက်ပံ့ရန်အတွက် M3 discovery ဧရိယာ အတွင်း ဟိုက်ဒရိုကာဗွန် တည်ရှိမှုကို ရှာဖွေခြင်းသည် မြန်မာအစိုးရအတွက် အောက်ပါ အကျိုးစီးပွားများကိုလည်း ဖြစ်ထွန်းစေပါသည်။

- ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတွင် ဓါတ်ငွေ့နှင့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ခြင်း
- မုတ္တမပင်လယ်ကွေ့တွင် စီးပွါးရေးအရတွက်ချေကိုက်သော ဓါတ်ငွေ့သိုက်(Volcanic Reservoir) တစ်ခုကို အကောင်အထည်ဖော်နိုင်ရန် နှင့် ယှဉ်ပြိုင်နိုင်သည့် လျှပ်စစ်ဈေးနှုန်းကို သတ်မှတ်ထားရှိနိုင်ရန် ပြည်တွင်းဓါတ်ငွေ့အသုံးပြုမှုကို တိုးချဲ့ခြင်း
- စီမံကိန်းကာလတလျှောက် PSC ဘဏ္ဍာရေးစနစ်အရ ဓါတ်ငွေ့ရောင်းချမှုမှ ထပ်ပေါင်းရရှိမှုများ (ဥပမာ- royalty, အမြတ်ခွဲဝေမှု၊ နှင့် ရေနံအခွန်) ကို မြန်မာအစိုးရမှရရှိခြင်း

### ၁.၄.၃ စီမံကိန်း၏ အခြားရွေးချယ်စရာနည်းလမ်းများ

#### ၁.၄.၃.၁ စီမံကိန်းအခြားရွေးချယ်စရာနည်းလမ်းများမရှိခြင်း

လုပ်ကွက် M3 ၏ အနောက်ဘက်ခြမ်းတွင် "စီမံကိန်းမဆောင်ရွက်ခြင်း" သည် အလားအလာရှိသော စွမ်းအင်သိုက်များ ဆုံးရှုံးသွားမည်ဖြစ်ပြီး မြန်မာ့စွမ်းအင်လုံခြုံရေးကို လျှော့ချကာ နိုင်ငံအတွက် ရေနံသုံးစွဲခွင့် ဆုံးရှုံးသွားမည်ဖြစ်သည်။

ဆိုက်စမစ်တိုင်းတာမှုများမှ ဖော်ထုတ်နိုင်သော အလားအလာရှိသည့် ဓာတ်ငွေ့သိုက်များကို ၎င်းတို့သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားဖြစ်ဟုတ်မဟုတ် ဆုံးဖြတ်ရန် စမ်းသပ်မည်မဟုတ်ပါ။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် သဘာဝဓာတ်ငွေ့အရင်းအမြစ်များ လိုအပ်နေပါသည်။

ဤစီမံကိန်း မဆောင်ရွက်ခြင်းသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုကို ဖြစ်ပေါ်စေမည်မဟုတ်ပေ။

## ၁.၄.၄ ရွှေ့ပြောင်းခြင်းနှင့် တပ်ဆင်ခြင်းအဆင့်

### ၁.၄.၄.၁ ကိရိယာများ ရွှေ့ပြောင်းခြင်း- တွင်းတူးစက်

တူးဖော်ခြင်းလုပ်ငန်းမစတင်မီ PTTEPI သည် အနည်းဆုံး လေးပတ်အလိုတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) သို့ ပေးပို့သည့် "ရေကြောင်းသွားလာရေးဆိုင်ရာ အကြောင်းကြားစာ" မှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များ၊ သက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။ တူးဖော်သည့်နေရာမှ ငါးဖမ်းကိရိယာများ (ရှိပါက) ဖယ်ရှားရန်နှင့် ယင်းနေရာများတွင် ငါးဖမ်းခြင်းမှ ရှောင်ရှားနိုင်ရန် စီမံကိန်း၏ အချိန်ဇယားအား သက်ဆိုင်သူများအား အသိပေးရန် ဖြစ်ပါသည်။ ရေကြောင်းသတိပေးချက်အား MOGE သို့ အကြောင်းကြားမည်ဖြစ်ပြီး မြန်မာ့ရေတပ်၏ ရေအားလျှပ်စစ်ဌာနမှ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ nautical charts များသို့ အကြောင်းကြားစာ ထုတ်ပြန်ပေးမည်ဖြစ်သည်။ ဆက်သွယ်ရေးအရာရှိသည် လုပ်ငန်းဆောင်ရွက်စဉ် တလျှောက်လုံး တွင်းတူးစင်ပေါ်တွင် ရှိနေမည်ဖြစ်သည်။

တွင်းတူးစက် Jack Up ကို အသုံးပြုသွားပါမည်။ (ပုံ ၁-၁) Jack Up တွင်းတူးစက်သည် လုပ်ကွက် M-3 ရေအနက်တွင် တွင်းတူးဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအတွက် အသင့်တော်ဆုံး ဖြစ်ပါသည်။ တွင်းတူးစက်ကို ယခင်ဆောင်ရွက်နေသည့် နေရာမှ ဆွဲသင်္ဘော (၂) စီးဖြင့် သယ်ဆောင်ပါမည်။ သယ်ယူမည့်အမြန်နှုန်း သည် ခန့်မှန်းခြေ 3-5 knots ရှိမည်ဖြစ်ပြီး စီမံကိန်းနေရာသို့ တွင်းတူးစင်သယ်ယူမည့် ကြာချိန်သည် ၇ ရက်ခန့်ဖြစ်မည်ဟု ခန့်မှန်းထားပါသည်။

Jack Up တွင်းတူးစက်သည် ကိုယ်ထည်ကို ပင်လယ်ရေမျက်နှာပြင်ပေါ်သို့ မြှင့်တင်နိုင်သော ရွှေ့လျားနိုင်သည့် ထောက်တိုင်များ ပါဝင်ပြီး ရေပေါ်ပေါ်နိုင်သော ကိုယ်ထည်တစ်ခု ပါဝင်ကာ ကိုယ်တိုင် ရွှေ့လျားနိုင်သော အမျိုးအစားဖြစ်ပါသည်။ ရွှေ့လျားနိုင်သော ကိုယ်ထည်သည် သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်ပစ္စည်းများ အားလုံးကို သတ်မှတ်ထားသော နေရာသို့ သယ်ဆောင်ပေးနိုင်ပါသည်။



**ပုံ ၁-၁ တွင်းတူးစက် (Jack Up Rig) နမူနာပုံစံ**

တည်နေရာသို့ တူးစင်ရောက်ရှိမှုအပေါ် မူတည်၍ တူးစင်သည် ကြိုတင်ဆောင်ရွက်မှုများ လုပ်ဆောင်ပြီး ပင်လယ်ကြမ်းပြင်သို့ ဆင်းသွားမည်ဖြစ်သည်။ ထို့နောက် တွင်းတူးစင်အား လေခိုမှုမရှိစေရန် မြှင့်တင်ကာ လည်ပတ်မှုစတင်ရန် အဆင်သင့်ထားရှိပါမည်။

တွင်းတူးစင်သည် drilling derrick နှင့် ဆက်စပ်ကိရိယာများ၊ pipe rack area တစ်ခု၊ shale shaker တစ်ခု၊ degasser တစ်ခု၊ အိပ်ခန်းဆောင်များ၊ ကရိန်းနှစ်ခု၊ ရဟတ်ယာဉ်ကွင်း၊ ရွံ့လှောင်ကန်များ၊ ရွံ့စုပ်စက်များ၊ အဓိက အင်ဂျင်များ၊ AC sets များ၊ air compressors များနှင့် စတိုခန်းများ ပါဝင်ပါသည်။

တွင်းတူးရန်အတွက် ပင်လယ်တွင်းတူးစက်ကို ပေါက်ကွဲမှုထိန်းချုပ်သည့်စက် (blow out preventer) နှင့်အတူ platform ပေါ်မှ ပင်လယ်ကြမ်းပြင်သို့ ချပြီး wellhead နှင့် ချိတ်ဆက်ထားပါမည်။

## ၁.၄.၄.၂ ကိရိယာများ ရွှေ့ပြောင်းခြင်း- တွင်းတူးစင်

ပစ္စည်းနှင့် ကိရိယာများသယ်ဆောင်သော ထောက်ပံ့ရေးယာဉ် ၂ ခုသည် ကုန်းတွင်းထောက်ပံ့ရေးစခန်းများနှင့် တွင်းတူးစက်ကြားတွင် အသွားအပြန် ကူးသန်းသွားလာပါမည်။ ထောက်ပံ့ယာဉ် တစ်စီးစီသည် စားနပ်ရိက္ခာများ၊ ထောက်ပံ့ပစ္စည်းများ၊ casing/tubing၊ လောင်စာ၊ တွင်းတူးရည်၊ သောက်သုံးရေ၊ ရွံ့နှင့် ဘိလပ်မြေပစ္စည်းများ တင်ဆောင်ကာ တွင်းတူးစက်သို့ ပို့ဆောင်ပေးပါမည်။ ယခင် တွင်းတူးလုပ်ငန်းများတွင် အသုံးပြုခဲ့သော ထောက်ပံ့ရေးယာဉ် နမူနာကို ပုံ ၁-၂ တွင် ဖော်ပြထားပါသည်။

PTTEPI သည် ရန်ကုန်ရှိ သာကေတ ထောက်ပံ့ရေးစခန်း (TKA) နှင့် ထိုင်းနိုင်ငံ ရနောင်းရှိ ရနောင်း ထောက်ပံ့ရေးစခန်း (RSB) များကို အသုံးပြုသွားပါမည်။ စခန်းနှစ်ခုလုံးသည် PTTEPI ၏ လက်ရှိ ကမ်းလွန်စီမံကိန်းလုပ်ငန်းများ ကို ထောက်ပံ့ပေးနေသော စခန်းများဖြစ်ပါသည်။ စခန်းတစ်ခုစီတွင် ရုံးပိုင်းဆိုင်ရာ အဆောက်အဦး၊ ဂိုဒေါင်၊ ပစ္စည်းချသည့် ကွင်းပြင်၊ စွန့်ပစ်ပစ္စည်းနှင့် ဓါတုပစ္စည်း ယာယီသိုလှောင်ရုံ များ ရှိပါသည်။

ဝန်ထမ်းများအား သယ်သူပို့ဆောင်ရန် ဟယ်လီကော်ပတာကို အသုံးပြုမည်ဖြစ်ပြီး ဝန်ထမ်း ၁၂ ယောက်ထိ လိုက်ပါစီးနှင်းနိုင်ပါသည်။ ဟယ်လီကော်ပတာဖြင့် စီမံကိန်းဧရိယာသို့ ဝန်ထမ်းပို့ဆောင်ခြင်းသည် မိနစ် ၅၀ ခန့်ကြာမြင့်ပါသည်။

တွင်းတူးခြင်းကို တွင်းနေရာတွင်ဆောင်ရွက်သည့်အခါ တွင်းတူးသည့်ဧရိယာပတ်လည် မီတာ ၅၀၀ ကို ဘေးကင်းလုံခြုံရေး အတွက် တွင်းတူးထောက်ပံ့ရေးယာဉ်များမှ လွဲ၍ တခြား ယာဉ်များ ဝင်ရောက်ခြင်းမရှိစေရန်အတွက် ယာယီ စောင့်ကြပ်ထားပါသည်။




**ပုံ ၁-၂ ထောက်ပံ့ရေးယာဉ် (Source: PTTEPI)**

## ၁.၄.၅ တွင်းတူးခြင်းအဆင့်

ဤ M3 Exploration/ Appraisal လုပ်ရှားမှု တွင် Jack Up rig ကို အသုံးပြု၍ “Aung Sinkha 12 (ASK-12)” ရှာဖွေရေးရေတွင်းတစ်တွင်းနှင့် လုပ်ကွက် M3 ၏ လည်ပတ်ဧရိယာအတွက် အကဲဖြတ်ရေတွင်းတစ်တွင်း တူးဖော်မည်ဖြစ်သည်။ ပုံ ၁-၃ တွင် ပြထားသည့်အတိုင်း တွင်းသည် အမြင့်ဆုံး 42° inclination ဖြင့် 2D J အမျိုးအစား ဖြစ်ပါမည်။ ဤစီမံကိန်းအတွက် တူးဖော်မှု လုပ်ငန်း ကြာချိန်သည် နှစ်လဝန်းကျင်ဟု ခန့် မှန်းထားသည်။

တွင်းအမျိုးအစားသည် HPHT ဖြစ်ပြီး၊ အောက်ဆုံးတွင်းပေါက်၏ အမြင့်ဆုံး တည်ငြိမ်သောအပူချိန်သည် 200 ဒီဂရီစင်တီဂရိတ်ဖြစ်ရန်မျှော်လင့်ရပြီး အောက်ဆုံးတွင်းပေါက်၏ ဖိအားသည် TD တွင် 10,140 psi ဖြစ်ပါမည်။

ဤတွင်းသည် $H_2S$ (အမြင့်ဆုံးမျှော်မှန်းထားသော 80 ppm) နှင့် $CO_2$ (အမြင့်ဆုံးမျှော်မှန်းထားသည် 50%) နှင့် ကြုံတွေ့ရနိုင်သည်။ အဆိုပါတွင်းသည် ဆိုက်စမစ်တိုင်းတာစဉ်က တွေ့ရှိထားသော သဘာဝဓါတ်ငွေ့ ခိုအောင်းနေသည့် နေရာကို အဓိကထား ဆောင်ရွက်ပါမည်။




**ပုံ ၁-၃ ယေဘူယျတွင်းပုံစံ**

## ၁.၄.၆ ညစ်ညမ်းမှုကာကွယ်သည့် ကိရိယာများ

ပုံမှန် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုတွင် အောက်ပါအချက်များ ရှိရပါမည်။

- မိလ္လာသန့်စင်သည့်စနစ်
- လေဖြင့်လည်ပတ်သော အမှိုက်သိပ်သည်းစေသည့်စနစ်တစ်ခု
- အမှိုက်ကြိတ်စက်
- 25 bbls ရှိသော skimmer tank တစ်ခု
- 5 $m^3$/h ရှိသော ဆီနှင့်ရေခွဲထုတ်သည့်စက်

အထက်ပါ ပစ္စည်းကိရိယာများအပြင် တွင်းတူးစင် (သို့) ထောက်ပံ့ရေးယာဉ်များပေါ်တွင် အရေးပေါ် ဆောင်ရွက်ချက်များ (ဥပမာ- ဆီယိုဖိတ်မှု၊ ပေါက်ကွဲထွက်ခြင်း၊ စသည်ဖြင့်) အတွက် အခြားစက်ကိရိယာများစွာ လိုအပ်ပါသည်။ အောက်ပါ ဆောင်ရွက်ချက်များကို စီစဉ်ထားပါသည်။

- မီးသတ်ရေပိုက်
- IMO/SOPEP spill kit များ

ပေါက်ကွဲမှု အရေးပေါ် အစီအစဉ်၊ ဆီယိုဖိတ်မှု တုံ့ပြန်မှု အစီအစဉ်နှင့် အရေးပေါ်တုန့်ပြန်မှု အစီအစဉ်များကို တွင်းတူးဖော်ခြင်း/ စမ်းသပ်ခြင်းများတွင် ဆောင်ရွက်သွားပါမည်။

### ၁.၄.၇ စီမံကိန်းအချိန်ဇယား

ASK-12 ရှာဖွေတူးဖော်ရေးတွင်းကို ၂၀၂၅ ခုနှစ် လေးလပတ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ) တွင် တူးဖော်ရန်စီစဉ်ထားပြီး ရှာဖွေတွေ့ရှိပါက ၂၀၂၈ ခုနှစ်တွင် အကဲဖြတ် (Appraisal) တွင်းကို တူးဖော်ရန် ဆောင်ရွက်ပါမည်။

ရှာဖွေတူးဖော်ခြင်း/အကဲဖြတ်ခြင်း အစီအစဉ်အတွက် အသေးစိတ်အချိန်ဇယားကို ဇယား (၁-၁) တွင် ဖော်ပြထားပါသည်။

**ဇယား ၁-၁ ရှာဖွေတူးဖော်ခြင်း/အကဲဖြတ်ခြင်း အချိန်ဇယား**




## ၁.၅ ပတ်ဝန်းကျင်ဖော်ပြချက်

### ၁.၅.၁ ပထဝီဝင်အနေအထား

လုပ်ကွက် M-3 သည် ဒေါ်ညိမ်းကျေးရွာ တောင်ဘက် ကုန်းတွင်းပိုင်း ၈၀ ကီလိုမီတာခန့်၊ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသ (ဧရာဝတီကမ်းရိုးတန်းဒေသ)၊ နှင့် ရန်ကုန်မြို့ အနောက်တောင်ဘက် ၂၀၀ ကီလိုမီတာခန့်အကွာတွင် တည်ရှိပါသည်။ လုပ်ကွက် M-3 နေရာရှိ ရေအနက်မှာ ၅၀-၇၀ မီတာခန့် ရှိပါသည်။

ကမ်းလွန် စီမံကိန်းဧရိယာကို ပုံ ၁-၄ တွင် ဖော်ပြထားပါသည်။




**ပုံ ၁-၄ ကမ်းလွန် စီမံကိန်းဧရိယာ**

စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ အနေအထားများတွင် မုတ္တမပင်လယ်ကွေ့နှင့် အနီးအနား ကျွန်းနှင့် ကမ်းရိုးတန်းဧရိယာများ၏ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ၊ ဇီဝဗေဒဆိုင်ရာ အရင်းအမြစ်များ၊ လူအသုံးပြုမှုများ၊ လူနေမှု အရည်အသွေးများ ပါဝင်ပါသည်။ လေ့လာမှု ဧရိယာသည် စီမံကိန်းဧရိယာအတွင်း ကန့်သတ်ထားသော်လည်း ပင်လယ်နှင့်ပတ်သက်၍ လေ့လာရာတွင် ကပ္ပလီပင်လယ်ပြင် တစ်ခုလုံးပါဝင်ပါသည်။

Primary နှင့် secondary အချက်အလက်များကောက်ယူခြင်းတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ပင်လယ်ရေအရည်အသွေး
- အနည်အနှစ်အရည်အသွေး
- Plankton နှင့် benthic အစုအဖွဲ့များ
- ငါးဖမ်းလုပ်ငန်း
- ကာကွယ်ထားသော ဧရိယာများ
- အပင်နှင့် တိရစ္ဆာန်များ (စူးစမ်းလေ့လာမှုနှင့် ဒေသခံများအား မေးမြန်းမှုပေါ် အခြေခံ၍ အပင်နှင့် တိရစ္ဆာန်များ ကျက်စားမှု)
- အဆောက်အဦးနှင့် ဝန်ဆောင်မှုများ
- လူမှုစီးပွားနှင့် လူဦးရေ အချက်အလက်
- ကျန်းမာရေးအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု
- ယဉ်ကျေးမှုဆိုင်ရာ နှင့် ရှေးဟောင်းအမွေအနှစ်
- လူထု အမြင်များ၊ စိုးရိမ်ပူပန်မှုနှင့် ရေနံနှင့် သဘာဝဓါတ်ငွေ့နှင့် ပတ်သက်၍ စိတ်ပါဝင်စားမှုများ။

## ၁.၅.၂ လေ့လာမှုနှင့် နည်းစနစ်

International Environmental Management Co. Ltd. (IEM) နှင့် Environmental Quality Management (EQM) တို့သည် ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များတွင် စီမံကိန်းဧရိယာအတွင်း လူမှုစီးပွား၊ သဘောထားစစ်တမ်းများ နှင့် အုပ်စုဖွဲ့ မေးမြန်းခြင်း၊ စည်းဝေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။

**<u>IEM/EQM သည် အောက်ပါတို့ကို ဆောင်ရွက်ပြီးဖြစ်ပါသည်။</u>**

1. အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်)၊ သစ်တောဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီ (CDC) တာဝန်ရှိသူများနှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် သမိုင်းဝင်နှင့် ရှေးဟောင်းသုတေသနဆိုင်ရာ အချက်အလက်များကို တွေ့ဆုံမေးမြန်းခြင်း။
2. အနီးရှိ ကျေးရွာ၊ မြို့နယ်များရှိ လူ ၄၀၀ မှ သဘောထားအမြင် စစ်တမ်းကောက်ယူခြင်း။

နမူနာကောက်ယူသည့် တည်နေရာများကို ဖြစ်နိုင်ခြေအရှိဆုံး အလားအလာများနှင့် "Control" အခြေခံအချက်အလက်များ၏ ပံ့ပိုးမှုပေါ် အခြေခံပြီး PTTEPI နှင့် ဆွေးနွေးသဘောတူ ဆုံးဖြတ်ချက်အရ ဆောင်ရွက်ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီစစ်ခြင်းလုပ်ငန်းစဉ် (Environmental Screening Process) ဆောင်ရွက်ပြီး အဓိကပြဿနာများကို ဖော်ထုတ်ပြီးနောက် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံနမူနာ ကောက်ယူခြင်းကို ဒီဇိုင်းရေးဆွဲခဲ့ပါသည်။

အဏ္ဏဝါအခြေခံနမူနာကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့ပါသည်။ ကောက်ယူခဲ့သော parameter များမှာ-

- ပင်လယ်ရေ
- အနည်
- Plankton
- Benthic Community
- အဏ္ဏဝါနို့တိုက်သတ္တဝါ လေ့လာရေး

### ၁.၅.၂.၁ ကမ်းလွန် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံနမူနာကောက်ယူခြင်း

အဏ္ဏဝါအခြေခံနမူနာကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့ပါသည်။ လေ့လာသော parameter များမှာ ပင်လယ်ရေ၊ အနည်၊ Plankton, Benthic Community နှင့် အဏ္ဏဝါနို့တိုက်သတ္တဝါများ ပါဝင်ပါသည်။

Marine Baseline Survey ဆောင်ရွက်မှုအသေးစိတ်ကို ဇယား ၁-၂ တွင်ဖော်ပြထားပါသည်။

**ဇယား ၁-၂ လုပ်ကွက် M3 ရှာဖွေတူးဖော်ရေးဆောင်ရွက်ခြင်းအတွက် အဏ္ဏဝါအခြေခံနမူနာကောက်ယူခြင်း**

| အရင်းအမြစ် | တိုင်းတာခြင်း | Parameter | ရက်စွဲ |
|---|---|---|---|
| ပင်လယ်ရေ | 1. တွင်းနံပါတ်-၁<br>2. Reference | 1. ပင်လယ်ရေအရည်အသွေး (မျက်နှာပြင်) | ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ၃-၂၄ |
| | | 2. ပင်လယ်ရေအရည်အသွေး (အလယ်) | |
| | | 3. ပင်လယ်ရေအရည်အသွေး (အောက်ခြေ) | |
| | 1. တွင်းနံပါတ်-၁ | 1. Phytoplankton | ၂၀၂၂ ခုနှစ် |

| **အရင်းအမြစ်** | **တိုင်းတာခြင်း** | **Parameter** | **ရက်စွဲ** |
|---|---|---|---|
| | 2. Reference | 2. Zooplankton<br>3. Meroplankton<br>4. Benthos | ဖေဖော်ဝါရီ၃-၂၄ |
| **အနည်အနှစ်** | 1. တွင်းနံပါတ်-၁<br>2. Reference | 1. အရောင်<br>2. Total Organic Carbon<br>3. Fat Oil and Grease<br>4. TPH<br>5. Metal<br>6. Particle Size<br>7. Polycyclic Aromatic Hydrocarbons (PAHs) | ၂၀၂၂ ခုနှစ်<br>ဖေဖော်ဝါရီ၃-၂၄ |
| အဏ္ဏဝါ နို့တိုက်သတ္တဝါများ တွေ့ရှိမှု | 1. တွင်းနံပါတ်-၁<br>2. Reference | Marine mammals observed | ၂၀၂၂ ခုနှစ်<br>ဖေဖော်ဝါရီ၃-၂၄ |

## ၁.၅.၃ ဇီဝပတ်ဝန်းကျင်

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကြိုးဝိုင်းတော ၁၃ ခုရှိပြီး ၁၁ ခုမှာ ဒီရေတောများဖြစ်ပါသည်။ ကုန်းတွင်း စီမံကိန်းလုပ်ငန်းများသည် ပျဉ်ဒရယ်ကြိုးဝိုင်းတောအတွင်း တည်ရှိပါသည်။ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအတွင်း မြေယာဖွံ့ဖြိုးတိုးတက်ရေးကို တားမြစ်ထားသော်လည်း တရားမဝင်ဆောင်ရွက်မှုများကြောင့် ကြိုးဝိုင်းတော အတွင်း အိမ်ယာမြေများ၊ လယ်မြေများ၊ ဥယာဉ်ခြံမြေများ၊ စိုက်ခင်းနှင့် အခြားအသုံးချမြေများအဖြစ် အသုံးပြုလျက်ရှိပါသည်။ မိန်းမလှကျွန်း၊ ကြက်ကန်းကွင်းပျက်၊ ကတုံကနီ၊ ပျဉ်ဒရယ်နှင့် ပျဉ်အလံ ကြိုးဝိုင်းတောများအတွင်း စပါးခင်းဧရိယာသည် ၉၇,၀၀၀ ဟက်တာခန့်ရှိပြီး ကြိုးဝိုင်းတော ၅ ခု၏ ၄၇% ရှိကာ ၎င်းစပါးခင်းဧရိယာသည် ဒီရေတောဧရိယာ (၉၀,၃၈၆ ဟက်တာ) ထက်ပိုများပါသည်။ (JICA, 2005)

ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သော The Forest Resource and Environment Development and Conservation Association (FREDA) သည် ၁၉၉၉ ခုနှစ်တွင် ပျဉ်ဒရယ်ကြိုးဝိုင်းတော အတွင်း ဒီရေတော ပြန်လည်စိုက်ပျိုးခြင်း ၅ နှစ်စီမံကိန်းတစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါသည်။




**ပုံ ၁-၅ လုပ်ကွက် M-3 ရှာဖွေတူးဖော်ရေးတွင်း ASK-12 အနီးရှိ ဂေဟဆိုင်ရာ ထိခိုက်လွယ်သော ဧရိယာများ**

မိန်းမလှကျွန်း သားရဲတိရစ္ဆာန်ဘေးမဲ့တော၊ ပျဉ်အလံ၊ ပျဉ်ဒရယ်၊ ခိုင်သောင်းကျွန်းနှင့် ဂရက်ကြီးကျွန်းကဲ့သို့သော အချို့ ဂေဟဆိုင်ရာ ထိခိုက်လွယ်သည့် ဧရိယာများသည် လုပ်ကွက် M3 မှ ၁၀၀ ကီလိုမီတာအတွင်း တည်ရှိပါသည်။ (ပုံ ၁-၆)




**ပုံ ၁-၆ ကပ္ပလီပင်လယ်မြောက်ဘက်ရှိ ဂေဟဆိုင်ရာထိခိုက်လွယ်သော ဧရိယာများ (၁၀၀ ကီလိုမီတာအတွင်း) ***

## ၁.၅.၄ ကာကွယ်ထားသော ဧရိယာများ

ပုံ (၁-၇) တွင်ပြထားသည့်အတိုင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်များရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများဖြစ်သည့် ဝမ်ဖိုက်ဒီရေတောကြိုးဝိုင်း၊ သမီးလှတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကတုံးလေးကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မော့စကိုကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိ အဏ္ဏဝါအမျိုးသားဥယာဉ်၊ ပတ်ချန် သဘာဝဘေးမဲ့တော EEZ စီးပွားရေးဇုန် တို့ ရှိပါသည်။ ကတုံးလေးကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် M3 ရှာဖွေတူးဖော်ရေးလုပ်ငန်းနှင့် အနီးဆုံး ကာကွယ်ထားသည့်ဧရိယာ ဖြစ်ပါသည်။




Source: Birch, F. C. H., et al (2016) Myanmar Marine Biodiversity Atlas. University of Exeter, UK. 79p.

**ပုံ ၁-၇ လုပ်ကွက် M3 အနီးရှိ အဏ္ဏဝါကာကွယ်ရေးနယ်မြေများ (လုပ်ကွက် M3 တည်နေရာကို ခန့်မှန်းဖော်ပြထားပါသည်)**

1.ဝမ်ဖိုက်ဒီရေတောကြိုးဝိုင်း၊ 2. သမီးလှတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ 3.ကတုံးလေးကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ 4.မော့စကိုကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ 5.လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ 6.ပတ်ချန် သဘာဝဘေးမဲ့တော (EEZ စီးပွားရေးဇုန်)

## ၁.၆ လက်ရှိ လူမှု ပတ်ဝန်းကျင် အခြေအနေ

စီမံကိန်းဧရိယာသည် မြန်မာနိုင်ငံ မြောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ကမ်းလွန်ပင်လယ်ပြင်တွင် တည်ရှိပြီး တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် အရှေ့ဘက်တွင် ရန်ကုန်တိုင်းဒေသကြီးဖြင့် ဝန်းရံထားပါသည်။




**ပုံ ၁-၈ လုပ်ကွက် M-3 အနီးရှိ အုပ်ချုပ်ရေးနယ်မြေများ**

### ၁.၆.၁ လူဦးရေ

၂၀၁၄ ခုနှစ် မြန်မာ့လူဦးရေနှင့် သန်းခေါင်စာရင်း (2014 MPHC) ကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်မှ ဧပရယ်လ ၁၀ ရက်နေ့အထိကောက်ယူခဲ့ပါသည်။ ၎င်းသန်းခေါင်စာရင်းအရ ၂၀၁၄ ခုနှစ် မတ်လ ၂၉ တွင် မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၅၁,၄၈၆,၂၅၃ ဦး ရှိပါသည်။ ကျား ၂၄,၈၂၄,၅၈၆ ဦးနှင့် မ ၂၆,၆၆၁,၆၆၇ ဦး ရှိပါသည်။ ၎င်းစုစုပေါင်းဦးရေတွင် စာရင်းမဝင်ခဲ့သော လူဦးရေ ၁,၂၀၆,၃၅၃ ဦး ရှိမည်ဟု ခန့်မှန်းထားသောကြောင့် သန်းခေါင်စာရင်းအရ စုစုပေါင်း ၅၀,၂၇၉,၉၀၀ ဦးရှိပါသည်။

၂၀၁၄ သန်းခေါင်စာရင်းအရ ဧရာဝတီတိုင်းဒေသကြီးတွင် ကျား ၃,၀၀၉,၈၀၈ နှင့် မ ၃,၁၇၅,၀၂၁ ဦး၊ စုစုပေါင်း ၆,၁၈၄,၈၂၉ ဦး ရှိပါသည်။ ကျား/မ အချိုးမှာ ၉၇:၁၀၀ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၏ လူဦးရေမှာ မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး၏ လူဦးရေမှာ ၁၉၈၃ ခုနှစ်တွင် ၄,၁၅၆,၆၇၃ မှ ၄,၉၉၄,၀၆၁ ဦးအတွင်းရှိပြီး ၂၀၁၄ ခုနှစ်တွင် ၆,၁၈၄,၈၂၉ အထိ လူဦးရေ တိုးတက်လာပါသည်။ ထို့ကြောင့် အနှစ်သုံးဆယ်အတွင်း ဧရာဝတီတိုင်းလူဦးရေမှာ ၂၄% အထိ တိုးမြင့်လာပါသသည်။

၂၀၁၄ မတ်လတွင် လူဦးရေသိပ်သည်းမှုမှာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ သိပ်သည်းဆမှာ ၁ စတုရန်းကီလိုမီတာတွင် ၇၆ ဦးဖြစ်ပြီး ရေဝတီတိုင်းဒေသကြီးတွင် ၁ စတုရန်းကီလိုမီတာတွင် ၁၇၆.၅ ဦး ရှိသောကြောင့် နှစ်ဆကျော်ပိုများကြောင်းတွေ့ရှိရပါသည်။ လူဦးရေ အသိပ်သည်းဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေကြီးအပြင် ရေဝတီတိုင်းဒေသကြီးသည် တတိယ လူဦးရေ အသိပ်သည်းဆုံးဖြစ်လာပါသည်။

သန်းခေါင်စာရင်းအရ တိုင်းအတွင်း လူဦးရေနေထိုင်မှုမှာ လူဦးရေ ၁၀၀ တွင် ၈၆ ဦးသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်ဟု ဖော်ပြထားသော်လည်း ထွေအုပ်ရုံးအချက်အလက်များအရ ၁၀၀ တွင် ၁၄ ဦးနေထိုင်သည်ဟု ဖော်ပြထားပါသည်။

ရေဝတီတိုင်း လူဦးရေပြေပိရမစ်ပုံအရ အသက် ၅နှစ်နှင့် ၁၄ နှစ်တွင် မွေးဖွားနှုန်းများကျဆင်းလာပါသည်။ ထို့ပြင် အသက် ၁၅ မှ ၆၄ အတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ကြပြီး အနာဂတ်တွင် သက်ကြီးရွယ်အိုများပြားလာနိုင်ဖွယ်ရှိပါသည်။ သို့သော်လည်း လူဦးရေပြေပိရမစ်ပုံအရ ၁၅ နှင့် ၂၄ နှစ်အတွင်း ကျား/မ နှစ်မျိုးလုံးတွင် လူဦးရေသိသိသာသာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ၎င်းသည် နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့အခြေချခြင်း သို့မဟုတ် လူဦးရေစာရင်းမဝင်သေးခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။

## ၁.၆.၂ စိုက်ပျိုးရေး

စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေးအတွက် အဓိက အရေးပါသော သော့ချက်တစ်ခု ဖြစ်ပါသည်။ ရေဝတီတိုင်းဒေသကြီးသည် နိုင်ငံမြေနေရာ၏ ၅% ခန့်သာ ပိုင်ဆိုင်ထားသော်လည်း နိုင်ငံအတွက် လိုအပ်သော ဆန်စပါးကို အများဆုံး ထုတ်လုပ်နိုင်သော ကြောင့် နိုင်ငံ၏ ထမင်းအိုးကြီးအဖြစ် လူသိများပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ၂၀၂၀ ခုနှစ် နှစ်ချုပ် မြန်မာ့စာရင်းအင်းအချက်အလက်များအရ ရေဝတီတိုင်းဒေသကြီး၏ နှစ်စဉ်ဆန်ထွက်နှုန်းမှာ တန် ၈ သန်းခန့် ရှိပါသည် (ဇယား ၁-၃)။

စပါးစိုက်ခြင်းအပြင် ငါးမွေးမြူရေး၊ ကြက်နှင့် ဝက်မွေးမြူရေးတို့ကိုလည်း လုပ်ကိုင်ပါသည်။ လပွတ္တာကဲ့သို့သော အချို့ ဧရိယာများသည် ဆားချက်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ အချို့ ဟင်းသီးဟင်းရွက်များကို အိမ်စားသုံးရန်အတွက်သာ စိုက်ပျိုးကြပြီး ပိုလျှံပါက ဝင်ငွေရရန်အတွက် ရောင်းချကြပါသည်။

**ဇယား ၁-၃ ရေဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးအထွက်နှုန်း (၂၀၁၈-၂၀၁၉)**

| အမျိုးအစား | စိုက် (ဧက) | ရိတ် (ဧက) | ထွက်နှုန်း (တန်) |
|---|---|---|---|
| ကောက်ပဲသီးနှံ | | | |
| စပါး | ၅၁၈၆၂၃၄ | ၅၁၇၄၀၀၄ | ၈၂၂၄၅၅၉ |
| ဂျုံ | - | - | - |
| ပြောင်း | ၅၆၄၅၉ | ၅၆၄၅၉ | ၁၁၄၇၄၆ |
| ဆီထွက်သီးနှံများ | | | |
| မြေပဲ (မိုး) | ၁၈၀၉၃ | ၁၈၀၃၀ | ၁၁၁၈၈ |
| မြေပဲ (ဆောင်း) | ၈၄၇၉၄ | ၈၄၇၉၄ | ၅၈၀၅၅ |
| နှမ်း (အစောပိုင်း) | ၅၄၉၆ | ၅၂၃၄ | ၁၅၈၀ |

| **အမျိုးအစား** | **စိုက် (ဧက)** | **ရိတ် (ဧက)** | **ထွက်နှုန်း (တန်)** |
|---|---|---|---|
| နှမ်း (နှောင်း) | ၁၉၁၂၈ | ၁၉၁၂၈ | ၅၇၇၄ |
| ပဲမျိုးစုံ | | | |
| မတ်ပဲ | ၁၀၂၉၁၉၄ | ၁၀၂၉၁၉၄ | ၃၆၀၈၈၅ |
| ပဲတီစိမ်း | ၂၃၈၄၆၉ | ၂၃၈၄၆၄ | ၈၉၅၀၂ |
| ပဲလွန်း | ၁၈၅၉၆၈ | ၁၈၅၉၆၈ | ၆၄၀၉၆ |
| စွံတာနီ | ၄၅၃၅ | ၄၅၃၅ | ၂၄၃၄ |
| စွံတာပြာ | - | - | - |
| ပဲရင် | ၂၀၆၂ | ၂၀၆၂ | ၆၉၉ |
| ပဲဖြူကလေး | - | - | - |
| ပဲကြီး | ၁၀၀၁၄ | ၁၀၀၁၄ | ၄၆၆၂ |
| အချိုယမကာ | | | |
| ကြံ | ၁၉၉ | ၁၉၉ | ၄၆၁၀ |
| ကြံသကာ | ၁၉၆၀ | ၁၀၅၅ | ၄၇၉၃ |
| နှစ်ရှည်ပင်များ | | | |
| ရာဘာ | ၃၆၇၅၄ | ၃၃၈၃ | ၁၁၃၆ |
| အုန်း | ၆၁၈၆၂ | ၅၀၇၃၆ | ၂၀၄၄၆၆ |
| ကွမ်း | ၂၁၈၆၂ | ၁၇၁၀၁ | ၂၀၀၀၂ |
| ကွမ်းရွက် | ၁၀၄၀၆ | ၉၉၀၄ | ၁၁၆၃၈၁ |

(Source: Myanmar Statistical Yearbook, 2020)

ဟင်းသီးဟင်းရွက်ကဲ့သို့ သီးနှံစိုက်ပျိုးမှုသည် လယ်ယာမြေမပိုင်သော လယ်သမားများအတွက် အဓိကဝင်ငွေတစ်ခု ဖြစ်ပါသည်။ ဥပမာ လပွတ္တာရှိ လယ်သမားအချို့သည် ပန်းဂေါ်ဖီ၊ သခွားသီး၊ ဖရဲသီး၊ ဖရုံသီး တို့ကို တပိုင်တနိုင် စိုက်ပျိုးကြပါသည်။ လယ်သမားများအား မေးမြန်းချက်အရ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းမှ အမြတ်ဝင်ငွေသည် စပါးစိုက်ပျိုးခြင်းထက် ပိုဝင်ကြောင်း သိရှိရပါသည်။

မွေးမြူရေးသည်လည်း တောင်သူလယ်သမားများအတွက် အရေးပါသော အသက်မွေးဝမ်းကျောင်းတစ်ခု ဖြစ်ပါသည်။ တောင်သူလယ်သမား အများစုသည် ကျွဲ၊ ဝက်နှင့် ကြက်များ ပိုင်ဆိုင်ကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ရွာအများစုသည် နာဂစ်မုန်တိုင်းကြောင့် ကျွဲအများအပြား ဆုံးရှုံးခဲ့ရသောကြောင့် အလုပ်အင်အား မလုံလောက်ခြင်းများရှိကြောင်း သိရှိရပါသည်။ (Delta Alliance, 2017)

ဖျာပုံမြို့နယ်တွင် အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး နွေစပါးနှင့် မိုးစပါး စိုက်ပျိုးပါသည်။ ၂၀၁၈-၂၀၁၉ တွင် ခန့်မှန်း စပါးစိုက်ဧကမှာ နွေစပါး ၂၁၀,၆၁၂ ဧကဖြစ်ပြီး မိုးစပါး ၈၁,၇၃၆ ဖြစ်ပါသည်။ မြေပဲ၊ နှမ်းနှင့် မတ်ပဲကဲ့သို့သော အခြား စိုက်ပျိုးသီးနှံများကို ဆောင်းရာသီတွင် စိုက်ပျိုးပါသည်။ ဖျာပုံမြို့အတွင်း စိုက်ပျိုးသော အခြား နှစ်ရှည်သီးနှံများမှာ

သစ်စိမ့်၊ ငှက်ပျော၊ ဓနိ၊ ကွမ်း၊ ကွမ်းရွက်နှင့် အုန်း တို့ ဖြစ်ပါသည်။ ဓနိစိုက်ပျိုးသော ဧက ၈၈၁၉ ဧကရှိပြီး အုန်း ၇၁၈၄ ဧကရှိကာ ၎င်းတို့သည် ဖျာပုံမြို့၏ အဓိက နှစ်ရှည်သီးနှံပင်များ ဖြစ်ကြပါသည်။ အခြား စီးပွားဖြစ်စိုက်ပျိုးသော သီးနှံများမှာ ပြောင်း၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်တို့ ဖြစ်ပါသည်။

ဒေးဒရဲမြို့နယ် နွေရာသီနှင့် မိုးရာသီအတွက် အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ နှစ်ရှည်သီးနှံနှင့် အခြား စီးပွားဖြစ်စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ မရှိပါ။

## ၁.၆.၃ စက်မှုလက်မှုလုပ်ငန်း

ဖျာပုံမြို့နယ်တွင် စက်မှုဇုန်များ မရှိပါ။ အသေးစားလည်ပတ်သော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအချို့ရှိပါသည်။ (ဇယား ၁-၄)

**ဇယား ၁-၄ ဖျာပုံမြို့နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ**

| စဉ် | စက်ရုံ/ လက်ရုံ အမျိုးအစား | အရေအတွက် | လုပ်သားအင်အား |
|---|---|---|---|
| ၁ | ဆန်စက် | ၃၂ | ၃၈၄ |
| ၂ | ဟာလာဆန် | ၁၂၆ | ၇၅၆ |
| ၃ | ရေခဲစက် | ၉ | ၄၅ |
| ၄ | ဝပ်ရှော့ | ၃၉ | ၁၅၆ |
| ၅ | သစ်ခွဲစက် | ၇ | ၅၅ |
| ၆ | မုန့်မျိုးစုံ | ၁၅ | ၄၅၆ |
| ၇ | ပန်းပဲ | ၃ | ၁၀ |
| ၈ | ပန်းတိမ် | ၁၅ | ၄၅ |
| ၉ | စက်ချုပ် | ၂၅၀ | ၃၀၀ |
| ၁၀ | ဖယောင်းတိုင် | ၃ | ၁၅ |
| ၁၁ | ဆပ်ပြာဆီ | ၄ | ၁၂ |
| ၁၂ | ငါးခြောက်ဖုတ် | ၇ | ၁၁၀ |

ဒေးဒရဲမြို့နယ်တွင် ပုဂ္ဂလိကပိုင်စက်ရုံ ၂၀၂ ရုံရှိပါသည်။ အများစုမှာ ဟာလာစက်များ ဖြစ်ကြပါသည်။ (ဇယား ၁-၅)

**ဇယား ၁-၅ ဒေးဒရဲမြို့နယ်ရှိစက်ရုံများ**

| စဉ် | စက်ရုံ/ လက်ရုံအမျိုးအစား | အရေအတွက် | ပိုင်ဆိုင်မှု | လုပ်သားအင်အား |
|---|---|---|---|---|
| ၁ | အထည်ချုပ် | ၁ | ပုဂ္ဂလိက | ၅၅ |
| ၂ | ဟာလာစက် | ၁၄၅ | ပုဂ္ဂလိက | ၇၂၅ |
| ၃ | ဆန်စက် | ၃၈ | ပုဂ္ဂလိက | ၁၁၄၀ |
| ၄ | သစ်ခွဲစက် | ၁၁ | ပုဂ္ဂလိက | ၅၅ |
| ၅ | ဆားစက် | ၁ | ပုဂ္ဂလိက | ၂၀ |
| ၆ | အမှုန့်ကြိတ်စက် | ၅ | ပုဂ္ဂလိက | ၅ |

| စဉ် | စက်ရုံ/ လက်ရုံအမျိုးအစား | အရေအတွက် | ပိုင်ဆိုင်မှု | လုပ်သားအင်အား |
|---|---|---|---|---|
| ၇ | ရေခဲစက် | ၁ | ပုဂ္ဂလိက | ၇ |
| | **စုစုပေါင်း** | ၂၀၂ | | ၂၀၀၇ |

ဒေးဒရဲမြို့နယ်တွင် စက်ချုပ်၊ ပန်းတိမ်၊ ပန်းပဲ၊ မုန့်မျိုးစုံလုပ်ငန်းနှင့် အမှုန့်ကြိတ်လုပ်ငန်းကဲ့သို့သော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအချို့ရှိပါသည်။

## ၁.၇ ထိခိုက်မှု၊ ဆန်းစစ်ခြင်းနှင့် လျှော့ချရေးနည်းလမ်းများ

စစ်ဆေးမှုတွင် လုပ်ရိုးလုပ်စဉ်နှင့် ပုံမှန်မဟုတ်သော လုပ်ဆောင်ချက်နှစ်ခုလုံးကို ထည့်သွင်းစဉ်းစားထားသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများနှင့် ဖြစ်နိုင်သော လျှော့ပါးစေရေး နည်းလမ်းများ အသေးစိတ်ကို EIA ရှိ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် နောက်ထပ်အသေးစိတ် ဖော်ပြပါမည်။ EIA နှင့် EMP တို့ကို MONREC နှင့် MOGE ဌာနများ၏ သုံးသပ်ချက်နှင့် အတည်ပြုချက်များရယူရန် တင်ပြပါမည်။ PTTEPI ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းတို့၏စီမံခန့်ခွဲမှု ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများနှင့် ဦးစားပေးမှုများကို အကဲဖြတ်ရန် ဤကနဦးအကဲဖြတ်မှုကို ဆောင်ရွက်ပါသည်။

ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာအချက်များနှင့် ဆက်စပ်နေသောကဏ္ဍများ သတ်မှတ်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

- စီမံကိန်းဖော်ပြချက်နှင့် စီစဉ်ထားသော/မစီစဉ်ထားသော လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ခြင်း။
- ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများကို အကဲဖြတ်ရာတွင် IEM ကုမ္ပဏီ၏ ကျယ်ပြန့်သော အတွေ့အကြုံမှ ရရှိလာသော အသိပညာ။
- လေ့လာမှုများနှင့် စစ်တမ်းကောက်ယူခြင်းများမှ ရရှိသောအချက်အလက်။

ကမ်းလွန်ရှာဖွေတူးဖော်ရေး လုပ်ရှားမှု၏ အဆင့်အားလုံးတွင် လုပ်ဆောင်မှုများမှ ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားပြီး လေ့လာဆန်းစစ်ခြင်းမှ ရရှိသောကဏ္ဍများကို အကျဉ်းချုပ် ဖော်ပြထားပါသည်။

စီစဉ်ထားသော/ မစီစဉ်ထားသော စီမံကိန်းလုပ်ဆောင်ချက်များ၏ သက်ရောက်မှုဖြစ်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ လေ့လာဆန်းစစ်ခြင်း ရလဒ်ကို ဇယား (၁-၆) မှ (၁-၉) အထိဖော်ပြထားပါသည်။

ဖြစ်နိုင်ချေရှိသော သက်ရောက်မှုတစ်ခုစီကို ကျွန်ုပ်တို့၏ စိစစ်ရေးနည်းစနစ်အပေါ် အခြေခံ၍ အရည်အသွေးအခြေခံကာ အကဲဖြတ်ထားပါသည်။ စီမံကိန်းဆောင်ရွက်မှုများ အားလုံးကို သတ်မှတ်ပြီး သဘာဝပတ်ဝန်းကျင်၊ လူမှုရေး သို့မဟုတ် ကျန်းမာရေးအပေါ် ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများကို သတ်မှတ်ထားပါသည်။

## ဇယား ၁-၆ ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍ

| အပိုင်း ကဏ္ဍ | လုပ်ငန်းများ | ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှု | အကဲဖြတ်ခြင်း |
|---|---|---|---|
| လေအရည်အသွေးနှင့် ရာသီဥတု | အင်ဂျင်စက်မောင်းခြင်း တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ တွင်းပိတ်သိမ်းခြင်း) | လောင်စာဆီလောင်ကျွမ်းခြင်းနှင့် လေအရည်အသွေး ကျဆင်းခြင်း | လျစ်လျူရှုနိုင်သော |
| | တွင်းစမ်းသပ်ခြင်း (စမ်းသပ်ကာလ) | flaring ကြောင့် လေအရည်အသွေး ကျဆင်းခြင်း | လျစ်လျူရှုနိုင်သော |
| | သယ်ယူပို့ဆောင်ခြင်း (တပ်ဆင်ခြင်း၊ လည်ပတ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | လေယာဉ်မောင်းနှင်ခြင်းမှ ဓါတ်ငွေ့ထွက်ခြင်းကြောင့် လေအရည်အသွေးကျဆင်းခြင်း | လျစ်လျူရှုနိုင်သော |
| ပင်လယ်ရေ အရည်အသွေး | ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ပင်လယ်ထဲသို့ရေဆိုးစွန့်ပစ်မှုကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |
| | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ တွင်းစမ်းသပ်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | စွန့်ပစ်ပစ္စည်းများ ယိုစိမ့်ခြင်းကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |
| | လောင်စာဆီသိုလှောင်ခြင်းနှင့် ကိုင်တွယ်အသုံးချခြင်း (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |
| | ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |
| | ရွှံ့နှင့် ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း) | ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု (အစိုင်အခဲများ၊ သတ္တုများ၊ အဆိပ်အတောက်များ တိုးလာခြင်း) နှင့် အောက်ဆီဂျင် လျော့နည်းခြင်း (အော်ဂဲနစ်ပစ္စည်း) | အလယ်အလတ် |
| အနည်အနှစ်များ | စွန့်ပစ်ရေ (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | သမုဒ္ဒရာအတွင်း ရေဆိုးစွန့်ပစ်မှုကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |
| | လောင်စာဆီသိုလှောင်ခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်း (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် | ယိုဖိတ်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |

| အပိုင်း ကဏ္ဍ | လုပ်ငန်းများ | ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှု | အကဲဖြတ်ခြင်း |
|---|---|---|---|
| | တွင်းပိတ်သိမ်းခြင်း) | | |
| | ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ယိုဖိတ်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |
| | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ယိုဖိတ်မှု (သို့) ယိုစိမ့်မှုများကြောင့် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု | နိမ့်သော |
| | ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း) | ရွံ့နှင့်ဖြတ်စများ အနည်ထိုင်ခြင်းကြောင့် အနည်အနှစ်ဓါတ် သေဘော ပြောင်းလဲလာမှု (အော်ဂဲနစ်ပါဝင်မှု တိုးမြင့်လာခြင်း၊ အောက်ဆီဂျင်ပါဝင်မှု လျော့သွားခြင်း၊ ဓါတ်သတ္တုနှင့် အဆိပ်အတောက်ပါဝင်မှု တိုးမြင့်လာခြင်း) | အလယ်အလတ် |
| ဆူညံသံ | အင်ဂျင်စက်လည်ပတ်ခြင်း (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ တွင်းပိတ်သိမ်းခြင်း) | စက်ပစ္စည်းများ၊ ယန္တရားများကြောင့် ဆူညံသံ တိုးလာမှု | လျစ်လျူရှုနိုင်သော |
| | တွင်းတူးစက်တပ်ဆင်ခြင်း (တပ်ဆင်ခြင်း) | | |
| | တွင်းစမ်းသပ်ခြင်း | | |
| | တွင်းတူးစက် သယ်ယူပို့ဆောင်ခြင်း (တပ်ဆင်ခြင်း၊ တွင်းပိတ်သိမ်းခြင်း) | | |
| ဇီဝဗေဒ အရင်းအမြစ်များ | ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ တွင်းပိတ်သိမ်းခြင်း) | ရေဆိုးစွန့်ပစ်ခြင်းကြောင့် ပင်လယ်ရေ အရည်အသွေး ကျဆင်းခြင်းသည် အဏ္ဏဝါဂေဟဗေဒအပေါ် သက်ရောက်နိုင်ပါသည်။ | နိမ့်သော |
| | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်း၊ တွင်းပိတ်သိမ်းခြင်း) | ရေဆိုးစွန့်ပစ်ခြင်းကြောင့် ပင်လယ်ရေ အရည်အသွေး ကျဆင်းခြင်းသည် အဏ္ဏဝါဂေဟဗေဒအပေါ် သက်ရောက်နိုင်ပါသည်။ | နိမ့်သော |
| | တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း) | ဆူညံသံများကြောင့် အဏ္ဏဝါသတ္တဝါများကို အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။ | နိမ့်သော |
| | ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးခြင်း) | ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်းသည် နုံးအနည်အနှစ်ကို တိုးပွားစေပြီး အဏ္ဏဝါသတ္တဝါများကို အဆိပ်အတောက် | နိမ့်သော |

| အပိုင်း ကဏ္ဍ | လုပ်ငန်းများ | ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှု | အကဲဖြတ်ခြင်း |
|---|---|---|---|
| | | ဖြစ်စေပါသည်။<br>ရွံ့နှင့်ဖြတ်စများ စုပုံခြင်းသည် နုံးအနည်အနှစ်ကို ဖြစ်စေပြီး benthos များအပေါ် သက်ရောက်စေနိုင်ပါသည်။ | |
| | တွင်းတူးစက်ကို ပြန်လည်သယ်ယူပို့ဆောင်ခြင်း (တွင်းပိတ်သိမ်းခြင်း) | ရေကြောင်းသယ်ယူပို့ဆောင်ခြင်းများသည် အဏ္ဏဝါ နို့တိုက်သတ္တဝါများနှင့် တိုက်မိခြင်း ဖြစ်စေနိုင်ပါသည်။ | နိမ့်သော |

**ဇယား ၁-၇: လူမှုရေးဆိုင်ရာကဏ္ဍ**

| အပိုင်း ကဏ္ဍ | လုပ်ငန်းများ | ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှု | အကဲဖြတ်ခြင်း |
|---|---|---|---|
| ငါးဖမ်းလုပ်ငန်း | ကွင်းဆင်းလေ့လာခြင်း (တပ်ဆင်ခြင်း) | တွင်းတူးနေရာမှ ငါးဖမ်းကိရိယာများနှင့် တခြားအတားအဆီးများကို ဖယ်ရှားခြင်းသည် ငါးဖမ်းကိရိယာများကို ပျက်ဆီးနိုင်ပါသည်။<br><br>ငါးဖမ်းလုပ်ကွက် ဆုံးရှုံးခြင်းသည် ငါးဖမ်းသမားများ၏ ဝင်ငွေကို တိုက်ရိုက်နည်းအားဖြင့် ထိခိုက်နိုင်ပါသည်။<br><br>စီမံကိန်းလုပ်ငန်းများလည်ပတ်နေစဉ်အတွင်း မတော်တဆ တိုက်မိခြင်းတို့သည် ငါးဖမ်းသမားများနှင့် စီမံကိန်း ကိရိယာများအပေါ် သက်ရောက်နိုင်ပါလိမ့်မည်။<br><br>စီမံကိန်းလုပ်ငန်းများကြောင့် ရောင်းချရန်/စားသုံးရန်အတွက် ငါးရရှိမှု ပမာဏ လျော့နည်းလာခြင်းနှင့်အတူ သက်ရှိသတ္တဝါပမာဏနှင့် အရည်အသွေးကိုလည်း ကျဆင်းစေနိုင်ပါသည်။<br>တွင်းတူးစက်ကို ပြန်လည် သယ်ယူပို့ဆောင်ပြီးနောက် ကန့်သတ်နယ်မြေတွင် ငါးဖမ်းသမားများ ပြန်လည်ငါးဖမ်းနိုင်ပါသည်။ | နိမ့်သော |
| | ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | | နိမ့်သော |
| | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | | နိမ့်သော |
| | တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း) | | နိမ့်သော |
| | ရွံ့နှင့်ဖြတ်စများ စွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း) | | နိမ့်သော |
| | လောင်စာဆီသိုလှောင်ခြင်းနှင့် အသုံးပြုခြင်း (တွင်းတူးဖော်ခြင်း) | | နိမ့်သော |
| | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း (တွင်းတူးဖော်ခြင်း) | | နိမ့်သော |
| | တွင်းတူးစက်ကို ပြန်လည်သယ်ယူပို့ဆောင်ခြင်း (တွင်းပိတ်သိမ်းခြင်း) | | နိမ့်သော |

| အပိုင်း ကဏ္ဍ | လုပ်ငန်းများ | ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှု | အကဲဖြတ်ခြင်း |
|---|---|---|---|
| | | (ကောင်းသော သက်ရောက်မှု) | |
| သယ်ယူပို့ဆောင်ခြင်း | တွင်းတူးစက် သယ်ယူခြင်းနှင့် ရွှေ့ပြောင်းခြင်း။ | ရေယာဉ်လမ်းကြောင်း တိုးလာခြင်းနှင့် မတော်တဆဖြစ်ရပ်များကြောင့် ရေယာဉ်လမ်းကြောင်း အနှောင့်အယှက်ဖြစ်ခြင်း | နိမ့်သော |
| | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (အဆင့်အားလုံး) | | |
| | တွင်းတူးဖော်ခြင်းအတွက် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း။ (တွင်းတူးဖော်ခြင်း) | | |
| | တွင်းစမ်းသပ်ခြင်းအတွက် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း။ (တွင်းစမ်းသပ်ခြင်း) | | |
| ပိုက်လိုင်း၊ ကေဘယ်လ်၊ ရေအောက်ဖွဲ့စည်း တည်ဆောက်ပုံများ | တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း) | တွင်းတူးစက် တပ်ဆင်စဉ် ရေအောက် ကေဘယ်လ်ကြိုးများနှင့် ရေနံပိုက်လိုင်းများ ပျက်ဆီးနိုင်မှု | နိမ့်သော |
| လူမှုစီးပွားရေး | လည်ပတ်ရေးအဆင့်အားလုံး | ပတ်ဝန်းကျင်နေရာများ၌ နေထိုင်သူများ၊ စီးပွားရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အလုပ်အကိုင်၊ ဝင်ငွေနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အခွင့်အလမ်းများ တိုးလာမှု။ | ကောင်းသော |
| ယဉ်ကျေးမှု အမွေအနှစ် နယ်မြေများ | တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း) | ပျက်ဆီးသွားသောယာဉ်များကဲ့သို့သော ရေအောက်ရှေးဟောင်းနယ်မြေများ ပျက်ဆီးလာနိုင်မှု | နိမ့်သော |
| ခရီးသွားနှင့် အပန်းဖြေနေရာများ | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ထုတ်လွှတ်ခြင်း၊ မတော်တဆယိုဖိတ်ခြင်း (သို့) မသင့်တော်သော စွန့်ပစ်ခြင်းမှ အမြင်အလှတရားကွယ်ပျောက်သွားပြီး စွဲဆောင်နိုင်မှုနေရာများ လျော့နည်းလာခြင်း။ | နိမ့်သော |
| လူမှုရေးအခြေအနေ | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ဘေးအန္တရာယ်များကြောင့် လူမှုဘဝ ကျဆင်းလာခြင်းကို လျော့ချခြင်း | နိမ့်သော |

**ဇယား ၁-၈: ကျန်းမာရေးကဏ္ဍ**

| အပိုင်း ကဏ္ဍ | လုပ်ငန်းများ | ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှု | အကဲဖြတ်ခြင်း |
|---|---|---|---|
| လူထုကျန်းမာရေး | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ဘေးအန္တရာယ်ရှိ ဓါတုပစ္စည်းများ၊ ဓါတ်ငွေ့များ ထုတ်လွှတ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း တို့ကြောင့် လူထုအပေါ် ကျန်းမာရေး သက်ရောက်နိုင်မှု | နိမ့်သော |
| လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် | ရေဆိုး (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | ဓါတ်ငွေ့များ ထုတ်လွှတ်ခြင်းကြောင့် အလုပ်သမား များ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း<br><br>shale shakers ကဲ့သို့သော တချို့စနစ်များတွင် $H_2S$ များ အလွန်အကျွံ စုပုံခြင်းသည် အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း<br><br>ဆူညံသံ - တွင်းတူးစင်ပေါ် ရှိ ဆူညံသံမြင့်မားမှုသည် အလုပ်သမားများ၏ အကြားအာရုံကို ထိခိုက်စေနိုင်ပါသည်။<br><br>ဓါတုပစ္စည်းအန္တရာယ် - အလုပ်သမားများသည် ဘေး အန္တရာယ်ရှိသော ဓါတုပစ္စည်းများကို ထိတွေ့စေနိုင်ပါသည်။<br><br>ရေဆိုး - အလုပ်နေရာများတွင် မသန့်ရှင်းသော အလေ့အကျင့် များကြောင့် အလုပ်သမားများကြား ကူးစက်ရောဂါများ ပျံ့နှံ့နိုင်ပါသည်။<br>ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ - ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဘဝအရည်အသွေးပေါ်တွင် သက်ရောက်နိုင်ပါသည်။ | နိမ့်သော |
| | စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (တပ်ဆင်ခြင်း၊ တွင်းတူးဖော်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | | |
| | တွင်းတူးစက် သယ်ယူပို့ဆောင်ခြင်း (တပ်ဆင်ခြင်းနှင့် တွင်းပိတ်သိမ်းခြင်း) | | |
| | တွင်းတူးစက် တပ်ဆင်ခြင်း (တပ်ဆင်ခြင်း) | | |
| | ရွှံ့နှင့်ဖြတ်စများစွန့်ပစ်ခြင်း (တွင်းတူးဖော်ခြင်း) | | |
| | တွင်းစမ်းသပ်ခြင်း (တွင်းစမ်းသပ်ခြင်း) | | |
| | တွင်းတူးစက် ဖြုတ်သိမ်းခြင်း (တွင်းပိတ်သိမ်းခြင်း) | | |

**ဇယား ၁-၉ မစီစဉ်ထားသော ဖြစ်ပျက်မှုကဏ္ဍ**

| အပိုင်း ကဏ္ဍ | လုပ်ငန်းများ | ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှု | အကဲဖြတ်ခြင်း |
|---|---|---|---|
| ပေါက်ကွဲခြင်း | တူးဖော်ခြင်း | ဟိုက်ဒရိုကာဗွန်များ ထိန်းချုပ်မှု မရှိဘဲ ပန်းထွက်ခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲထွက်ခြင်းတို့သည် ပတ်ဝန်းကျင်နှင့် လူသားတို့ ထိခိုက်ဒဏ်ရာရခြင်းနှင့် အသက်ဆုံးရှုံးခြင်းကို ဖြစ်စေပါသည်။ | အလယ်အလတ် |
| မီးလောင်ခြင်း (သို့) ပေါက်ကွဲခြင်း (ပေါက်ကွဲထွက်ခြင်းနှင့် မသက်ဆိုင်) | လောင်စာသိုလှောင်ခြင်း<br>Flare စမ်းသပ်ခြင်း | တွင်းတူးစက် သို့မဟုတ် စက်သုံးဆီ သိုလှောင်သည့် နေရာတွင် ပေါက်ကွဲမှုဖြစ်နိုင်ခြင်း သို့မဟုတ် မီးလောင်နိုင်ခြင်း | အလယ်အလတ် |
| ဓါတုပစ္စည်း၊ လောင်စာဆီ၊ ရေနံ (သို့မဟုတ်) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ယိုဖိတ်ခြင်း | ဓာတုပစ္စည်းများ၊ အန္တရာယ် ဖြစ်စေသော ပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများ သိုလှောင်ခြင်း | မတော်တဆဆီယိုစိမ့်ခြင်းကြောင့် လေအရည်အသွေး၊ ပင်လယ်ရေ အရည်အသွေးနှင့် အဏ္ဏဝါ သတ္တဝါများအပေါ် သက်ရောက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်စေခြင်း | အလယ်အလတ် |
| သယ်ယူပို့ဆောင်စဉ် မတော်တဆဖြစ်ခြင်း များ / သင်္ဘောများ တိုက်မိခြင်း | လောင်စာဆီ၊ တွင်းတူးပစ္စည်းများ၊ လူများ၊ ရွံ့နှင့် ဖြတ်စများနှင့် စွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း တွင်းတူးစင် သယ်ယူပို့ဆောင်ခြင်း/ ပြန်လည်သယ်ယူပို့ဆောင်ခြင်း | ဝန်ထမ်းများ ထိခိုက်ဒဏ်ရာ ရရှိခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း ဖြစ်နိုင်ခြေ၊ နေရာကွက်၍ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေခြင်း | အလယ်အလတ် |
| | | | နှင့် I) လိုအပ်ချက်များကို လိုက်နာခြင်း။<br>4.1.1.16 ငါးဖမ်းကိရိယာကို ဖယ်ရှားရပါက မှတ်တမ်းထားရှိခြင်း။ | | | | |
| 4 သဘော်မောင်းနှင်ခြင်း။ | 4.1 ဝန်ထမ်း/ ပစ္စည်းများ သယ်ယူပို့ဆောင်ရေး။<br>4.2 စက်ကိရိယာနှင့် အထောက်အကူ ပြုပစ္စည်းများ ရောက်ရှိခြင်း။ | 4.1.1 ရေကြောင်း အသွားအလာ တိုးလာခြင်း။<br>4.1.2 မတော်တဆမှုဖြစ်လျှင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်နိုင်ချေရှိခြင်း။ | 4.1.2.1 တွင်းတူးစင် ရွှေ့ပြောင်းခြင်း မပြုမီ အနည်းဆုံး ရက် 30 ကြိုတင်ညှိနှိုင်းပြီး သင့်လျော်သော အဖွဲ့များသို့ စီမံကိန်း လုပ်ရှားမှုများနှင့်ပတ်သက်ပြီး ရေကြောင်းသတိပေးချက်ကို ထုတ်ပေးမည့် MOGE နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။<br>4.1.2.2 တူးဖော်ခြင်းတူးစင်အနီးတစ်ဝိုက်တွင် မီတာ 500 ဘေးကင်းရေးဇုန်ကို ထားရှိခြင်း။<br>4.1.2.3 ယာဉ်ကြောပိတ်ဆို့မှုကို သတိပေးရန် အထောက်အကူပြုရေယာဉ်များကို အသုံးပြုခြင်း။<br>4.1.2.4 မတော်တဆတိုက်မိခြင်းမှကာကွယ်ရန် သဘော်များအားလုံးတွင် သင့်လျော်သောမီးများ၊ သတိပေးအချက်ပြမှုများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ရောင်ပြန် ရေဒါအချက်ပြတို့ကို ထားရှိခြင်း။ | နိမ့်သော | တူးဖော်ခြင်းတူးစင်နှင့် ပင်လယ်ပြင်တွင် လည်ပတ်နေသော ထောက်ပံ့ရေး ရေယာဉ်များအတွက် သက်ဆိုင်ရာ ရေကြောင်း သွားလာရေးနှင့် ဆက်သွယ်ရေး ဆိုင်ရာ လိုအပ်ချက်များကို အတည်ပြုရန် စစ်ဆေးခြင်း။ | PTTEPI / တွင်းတူးစင် ကန်ထရိုက်တာ | မတော်တဆ ထိခိုက်မှုများ<br><br>တွင်းတူးစင်နှင့် ရေယာဉ် လိုက်နာကြောင်း ထောက်ခံချက် |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | 4.1.2.5 တူးဖော်ခြင်းတူးစင်နှင့် တိုက်မိခြင်းမှ ရှောင်ကြဉ်ရန်၊ လမ်းပြရန်နှင့် စောင့်ကြည့်ထိန်းသိမ်းခြင်းများ အတွက် ထောက်ပံ့ရေး ရေယာဉ်များသည် နိုင်ငံတကာ စည်းမျဉ်းများကို လိုက်နာခြင်း။<br>4.1.2.6 လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင် ဆက်ဆံရေးအရာရှိသည်တူးစင်ပေါ်တွင် ရှိနေမည်ဖြစ်သည်။ | | | | |
| 5 စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | 5.1 အန္တရာယ်မရှိ နှင့် အန္တရာယ်ရှိသော အမှိုက် ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်း။ | 5.1.1 ပင်လယ်ရေအရည်အသွေး၊ ပင်လယ်ကြမ်းပြင် အနည်အနှစ်များနှင့် အဏ္ဏဝါသက်ရှိများအပေါ် တိုက်ရိုက်သက်ရောက်မှု | 5.1.1.1 ကန်ထရိုက်တာများ အားလုံးသည် PTTEPI ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာ ဆောင်ရွက်ခြင်း။<br>5.1.1.2 အစားအစာ အကျွင်းအကျန်မဟုတ်သော အစိုင်အခဲ စွန့်ပစ်ပစ္စည်းများကို ပင်လယ်ထဲသို့ ပစ်ချမည်မဟုတ်ပါ။<br>5.1.1.3 သယ်ယူ/လွှဲပြောင်းမှုအတွက် တာရှည်ခံပြီး ဘေးကင်းသော ကွန်တိန်နာများတွင် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သိမ်းဆည်းခြင်း။ ထို့အပြင် ၎င်းတို့ကို မီးလောင်လွယ်သော နေရာများနှင့် ဝေးသောနေရာများတွင် | နိမ့်သော | ကန်ထရိုက်တာများ အား PTTEPI ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာ ဆောင်ရွက်စေခြင်း။<br>ကန်ထရိုက်တာမှ စွန့်ပစ်ပစ္စည်း ကိုင်တွယ်သည့် စက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းသိုလှောင်သည့် ကွန်တိန်နာများနှင့် ယိုဖိတ်မှုတုံ့ပြန်ရေးကိရိယာများ ပံ့ပိုးပေးရန် | PTTEPI / စွန့်ပစ်ပစ္စည်း ကန်ထရိုက်တာ | စွန့်ပစ်ပစ္စည်း မှတ်တမ်း |
| | 5.2 ရေဆိုးစွန့်ပစ်ခြင်း။ | 5.2.1 တံငါသည်အပေါ် သွယ်ဝိုက်သောသက်ရောက်မှု။ | | | | | |

| ပတ်ဝန်းကျင် ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | သိမ်းဆည်းခြင်း။<br>5.1.1.4 အမှိုက်အမျိုးအစားနှင့် ပမာဏကို မှတ်တမ်းတင်ပြီး စစ်ဆေးခြင်း။<br>5.1.1.5 PTTEPI ၏ အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်အရ အမှိုက်များကို သိမ်းဆည်းခြင်း၊ သီးခြားခွဲထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်း။<br>5.1.1.6 သယ်ယူသွားသော အမှိုက်များအားလုံးကို မှတ်တမ်းများ သိမ်းဆည်းထားခြင်း။ | | | | |

## ၁.၉.၂.၄ တွင်းပိတ်သိမ်းခြင်းအဆင့်

### ဇယား ၁-၁၃ PTTEPI M3 ရှာဖွေရေးနှင့် အကဲဖြတ်တူးဖော်ရေး ကမ်ပိန်း_တွင်းပိတ်သိမ်းခြင်းအဆင့်အတွက် EMP ကတိကဝတ်ဇယား

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျန်ကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| **ပတ်ဝန်းကျင်ဆိုင်ရာ လျော့ချရေးနည်းလမ်းများ** | | | | | | | |
| **ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များ** | | | | | | | |
| *1* လေအရည်အသွေး/ ရာသီဥတု | 1.1 ဝန်ထမ်း/ ပစ္စည်းများ သယ်ယူ ပို့ဆောင်ရေး။<br>1.2 ကမ်းလွန် ဆီသိုလှောင်ခြင်းနှင့် ကိုင်တွယ်ခြင်း။<br>1.3 စွမ်းအင်သုံးစွဲမှု။ | 1.1.1 လောင်ကျွမ်းခြင်းနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုများ ကြောင့် အရည်အသွေး လျော့ကျခြင်း။ | 1.1.1.1 လောင်ကျွမ်းမှု၏ထိရောက်မှု သေချာစေရန် ထုတ်လုပ်သူမှ အကြံပြုထားသော ပြုပြင်ထိန်းသိမ်းမှု အချိန်ဇယားအတိုင်း ပုံမှန်စစ်ဆေးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း။ | လျစ်လျူရှုနိုင်သော | အကြံပြုထားသော ပြုပြင်ထိန်းသိမ်းမှု အချိန်ဇယားအတိုင်း ပုံမှန်စစ်ဆေးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း။ | PTTEPI | ပြုပြင်ထိန်းသိမ်းမှုမှတ်တမ်း |
| *2* ပင်လယ်ရေနှင့် အနည်အနှစ် အရည်အသွေး | 2.1 ကမ်းလွန်ဆီသိုလှောင်မှုနှင့် ကိုင်တွယ်မှု<br>2.2 အန္တရာယ်ရှိသော ပစ္စည်းများ ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်း။<br>2.3 ရေဆိုးစွန့်ပစ်ခြင်း။<br>2.4 တူးစင် ဖျက်သိမ်းခြင်း။ | *2.1.1* ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု (အစိုင်အခဲများ၊ သတ္တုများ၊ အဆိပ်အတောက်များ တိုးလာခြင်း) နှင့် အောက်ဆီဂျင် လျော့နည်းခြင်း (အော်ဂဲနစ်ပစ္စည်း) | 2.1.1.1 အနည်များ ပြန့်ကျဲမှု အနည်းဆုံးဖြစ်သော တွင်းတူးစင် ဖြုတ်သိမ်းသည့် နည်းလမ်းကို အသုံးပြုခြင်း။<br>2.1.1.2 လောင်စာသိုလှောင်မှု၊ အမှိုက်စွန့်ပစ်မှုနှင့် စွန့်ပစ်ခြင်းဆိုင်ရာ စည်းမျဉ်းများ/လုပ်ထုံးလုပ်နည်းများ (MARPOL 73/78 စည်းမျဉ်းများနှင့် PTTEPI စံချိန်စံညွှန်းများ/ | *နိမ့်သော* | MARPOL နှင့် IMO စံနှုန်းများကို လိုက်နာ ဆောင်ရွက်ခြင်း။ | PTTEPI | စွန့်ထုတ်မှု မှတ်တမ်း |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | လုပ်ထုံးလုပ်နည်းများ) ကို လိုက်နာခြင်း။<br>2.1.1.3 မတော်တဆ တိုက်မိခြင်းမှ ကာကွယ်ရန် သင်္ဘောအားလုံးတွင် သင့်လျော်သော မီးနှင့် သတိပေးအချက်ပြများ ရှိပါမည်။<br>2.1.1.4 ပင်လယ်ပြင်နှင့် ရေကြောင်းဘေးကင်းရေးဆိုင်ရာ နိုင်ငံတကာရေကြောင်းအဖွဲ့အစည်း (IMO) စံနှုန်းများကို လိုက်နာခြင်း။ | | | | |
| | | 2.1.2 အခြား စွန့်ထုတ်မှုများမှ ညစ်ညမ်းခြင်း။ | 2.1.2.1 အနည်များ ပြန့်ကျဲမှု အနည်းဆုံးဖြစ်သော တွင်းတူးစင် ဖြုတ်သိမ်းသည့် နည်းလမ်းကို အသုံးပြုခြင်း။<br>2.1.2.2 ပင်လယ်ပြင်နှင့် ရေကြောင်းဘေးကင်းရေးဆိုင်ရာ နိုင်ငံတကာရေကြောင်းအဖွဲ့အစည်း (IMO) စံနှုန်းများကို လိုက်နာခြင်း။<br>2.1.2.3 ရေဆိုးထုတ်လွှတ်မှု အရည်အသွေးသည် MARPOL 73/78 ၏ | နိမ့်သော | MARPOL နှင့် IMO စံနှုန်းများကို လိုက်နာ ဆောင်ရွက်ခြင်း။ | PTTEPI | စွန့်ထုတ်မှု မှတ်တမ်း |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ထိရောက်သော ရေဆိုးသန့်စင်မှု ဆောင်ရွက်ခြင်း။<br>2.1.2.4 ပင်လယ်ထဲသို့မစွန့်ထုတ်မီ အစားအစာစွန့်ပစ်ပစ္စည်းများကို 25 မီလီမီတာထက်သေးငယ်အောင် ဖျက်ပစ်ရပါမည်။ | | | | |
| **ဇီဝဆိုင်ရာ အရင်းအမြစ်များ** | | | | | | | |
| *3* ရေနေမျိုးစိတ်များ ၊မျိုးသုဉ်းလုနီးပါးမျိုးစိတ်များ၊ ထိလွယ်ရှလွယ်/ကာကွယ်ပေးထားသည့် ဧရိယာများ | 3.1 ဝန်ထမ်း/ ပစ္စည်းများ သယ်ယူပို့ဆောင်ရေး။<br>3.2 ကမ်းလွန်ဆီသိုလှောင်မှုနှင့် ကိုင်တွယ်မှု<br>3.3 ရေဆိုးစွန့်ပစ်ခြင်း။<br>3.4 အန္တရာယ်ရှိသော ပစ္စည်းများ ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်း။<br>3.5 တွင်းတူးစင် ဖြုတ်သိမ်းခြင်း။ | 3.1.1 ရေဆိုးစွန့်ပစ်မှု၊ ယိုဖိတ်မှုနှင့် အနှောင့်အယှက်များမှ ပင်လယ်ဂေဟစနစ်ကို ထိခိုက်မှုသည် ပင်လယ်ရေ အရည်အသွေးကို ကျဆင်းစေနိုင်ခြင်း။ | 3.1.1.1 မျိုးသုဉ်းလုနီးပါးရှိသော အဏ္ဏဝါတိရစ္ဆာန်များ အနီးရှိ သယ်ယူပို့ဆောင်ရေးကို ရှောင်ကြဉ်ခြင်း။<br>3.1.1.2 စီမံကိန်းဧရိယာတွင် မျိုးသုဉ်းလုနီးပါးရှိနေသည့် ရေနေတိရစ္ဆာန်များကို မှတ်တမ်းတင်ခြင်း။ | လျစ်လျူရှုနိုင်သော | မျိုးသုဉ်းလုနီးပါးရှိသော အဏ္ဏဝါတိရစ္ဆာန်များရှိသည့် နေရာများအနီး သွားလာခြင်းကို ရှောင်ကြဉ်ခြင်း။ | PTTEPI | အဏ္ဏဝါနို့တိုက်သတ္တဝါ တွေ့ရှိမှု မှတ်တမ်း<br>မတော်တဆ ထိခိုက်မှု မှတ်တမ်းများ<br>စွန့်ထုတ်မှု မှတ်တမ်း |
| ***လူမှုဘဝတန်ဖိုးများ*** | | | | | | | |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန်သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| 4 ငါးဖမ်းလုပ်ငန်း | 4.1 ဝန်ထမ်း/ ပစ္စည်းများ သယ်ယူပို့ဆောင်ရေး ။<br>4.2 ရေဆိုးစွန့်ပစ်ခြင်း။<br>4.3 စက်ကိရိယာနှင့် အထောက်အကူပြုပစ္စည်းများ ရောက်ရှိခြင်း။<br>4.4 တွင်းတူးစင် ဖြုတ်သိမ်းခြင်း။ | 4.1.1မီတာ 500 ဘေးကင်းရေးဇုန်ကြောင့် ငါးဖမ်းဧရိယာ ကန့်သတ်မှုရှိခြင်း။<br>4.1.2မတော်တဆ ယာဉ်တိုက်မှု | 4.1.1.1 PTTEPI ၏ Grievance Mechanism ကို အကောင်အထည်ဖော်ခြင်း။<br>4.1.1.2 ယာဉ်ကြောပိတ်ဆို့မှုကို သတိပေးရန် အထောက်အကူပြုရေယာဉ်များကို အသုံးပြုခြင်း။<br>4.1.1.3 မတော်တဆတိုက်မိခြင်းမှကာကွယ်ရန် သင်္ဘောများအားလုံးတွင် သင့်လျော်သောမီးများ၊ သတိပေးအချက်ပြမှုများ၊ ထားရှိခြင်း။ | နိမ့်သော | PTTEPI သည် Grievance Mechanism ကို ပံ့ပိုးပြီး အကောင်အထည်ဖော်ရန်<br>PTTEPI သည် ရေကြောင်းသတိပေးချက်ကို ပြင်ဆင်ပြီး ထုတ်ပေးရန်။ | PTTEPI | Grievance Record ရေကြောင်းသတိပေးချက် |
| 5 သင်္ဘောမောင်းနှင်ခြင်း။ | 5.1 ဝန်ထမ်း/ ပစ္စည်းများ သယ်ယူ ပို့ဆောင်ရေး။<br>5.2 စက်ကိရိယာနှင့် အထောက်အကူပြုပစ္စည်းများ ရောက်ရှိခြင်း။ | 5.1.1ရေကြောင်း သွားလာရေး လမ်းကြောင်း တိုးလာခြင်း။<br>5.1.2မတော်တဆ ယာဉ်တိုက်မှု။ | 5.1.1.1 ယာဉ်ကြောပိတ်ဆို့မှုကို သတိပေးရန် အထောက်အကူပြုရေယာဉ်များကို အသုံးပြုခြင်း။<br>5.1.1.2 မတော်တဆတိုက်မိခြင်းမှကာကွယ်ရန် သင်္ဘောများအားလုံးတွင် သင့်လျော်သောမီးများ၊ သတိပေးအချက်ပြမှုများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ရောင်ပြန် ရေဒါအချက်ပြတို့ကို ထားရှိခြင်း။<br>5.1.1.3 တွင်းတူးစင် သို့မဟုတ် | နိမ့်သော | တူးဖော်ခြင်းတူးစင်နှင့် ပင်လယ်ပြင်တွင် လှည့်ပတ်နေသော ထောက်ပံ့ရေးရေယာဉ်များအတွက် သက်ဆိုင်ရာ ရေကြောင်း သွားလာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို အတည်ပြုရန် စစ်ဆေးခြင်း။ | PTTEPI / တွင်းတူးစင်ကန်ထရိုက်တာ | မတော်တဆ ထိခိုက်မှု မှတ်တမ်း<br>တွင်းတူးစင်နှင့် ရေယာဉ် လိုက်နာကြောင်း ထောက်ခံချက် |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | ထောက်ကူရေယာဉ်နှင့် ငါးဖမ်းလှေတို့ တိုက်မိခြင်းကြောင့် အနှောင့်အယှက် သို့မဟုတ် မတော်တဆမှုမှ ကာကွယ်ရန် စီမံကိန်းဧရိယာ (မီတာ 500 အချင်းဝက်) ဘေးကင်းရေးဇုန်တစ်ခု သတ်မှတ်ပါ။ | | | | |
| 6 စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | 6.1 အန္တရာယ်မရှိ နှင့် အန္တရာယ်ရှိသော အမှိုက် ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်း<br>6.2 ရေဆိုးစွန့်ပစ်ခြင်း။ | 6.1.1 ပင်လယ်ရေအရည်အသွေး၊ ပင်လယ် ကြမ်းပြင် အနည် အနှစ်များနှင့် အဏ္ဏဝါ သက်ရှိများအပေါ် တိုက်ရိုက် သက်ရောက်မှု။<br>6.1.2 တံငါသည်အပေါ် သွယ်ဝိုက်သောသက်ရောက်မှု | 6.1.1.1 အစားအစာ အကျွင်းအကျန်မဟုတ်သော အစိုင်အခဲ စွန့်ပစ်ပစ္စည်းများကို ပင်လယ်ထဲသို့ ပစ်ချမည်မဟုတ်ပါ။<br>6.1.1.2 သယ်ယူ/လွှဲပြောင်းမှုအတွက် တာရှည်ခံပြီး ဘေးကင်းသော ကွန်တိန်နာများတွင် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သိမ်းဆည်းခြင်း။ ထို့အပြင် ၎င်းတို့ကို မီးလောင်လွယ်သော နေရာများနှင့် ဝေးသောနေရာများတွင် သိမ်းဆည်းခြင်း။<br>6.1.1.1 PTTEPI ၏ အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်အရ အမှိုက်များကို သိမ်းဆည်းခြင်း၊ သီးခြားခွဲထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် | နိမ့်သော | PTTEPI ၏ အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်အရ အမှိုက်များကို သိမ်းဆည်းခြင်း၊ သီးခြားခွဲထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်း<br><br>ကန်ထရိုက်တာသည် စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်သည့် ကိရိယာများ၊ စွန့်ပစ်ပစ္စည်းသိုလှောင်သည့် ကွန်တိန်နာများနှင့် ယိုဖိတ်မှုတုံ့ပြန်ရေးကိရိယာများ ပံ့ပိုးပေးရန်။ | PTTEPI / စွန့်ပစ်ပစ္စည်း ကန်ထရိုက်တာ | စွန့်ပစ်ပစ္စည်း မှတ်တမ်း |

| ပတ်ဝန်းကျင် ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | စွန့်ပစ်ခြင်း။<br>6.1.1.2 အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းထားမှုကို မှတ်တမ်းထားရှိခြင်း။ | | | | |
| **လူနေမှုဘဝတန်ဖိုးများ** | | | | | | | |
| 7 လူမှုစီးပွား | 7.1 Shore Base ပံ့ပိုးမှု<br>7.2 ကမ်းလွန်ဆီသိုလှောင်မှုနှင့် ကိုင်တွယ်မှု<br>7.3 အန္တရာယ်ရှိသော ပစ္စည်းများ ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်း။<br>7.4 အန္တရာယ်မရှိသော အန္တရာယ်ရှိသော စွန့်ပစ်အမှိုက် ကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်း။ | 7.1.1 စက်မှုအသုံးစရိတ်နှင့် ဝင်ငွေ တိုးလာခြင်း (ကောင်းသော သက်ရောက်မှု) | 7.1.1.1 ဒေသထွက်ကုန်နှင့် ဝန်ဆောင်မှုများကို တတ်နိုင်သမျှ တိုးမြှင့်သုံးစွဲခြင်း။ | ကောင်းသော | ဒေသထွက်ကုန်နှင့် ဝန်ဆောင်မှုများကို တတ်နိုင်သမျှ မြှင့်တင်သုံးစွဲခြင်း။ | PTTEPI | Myanmar and Expert ratio |

## ၁.၉.၂.၅ အများပြည်သူနှင့် လုပ်ငန်းခွင် ကျန်းမာရေး သက်ရောက်မှုများ

ဇယား ၁-၁၄ အဆင့်အားလုံးတွင် အများပြည်သူနှင့် လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများနှင့် သက်ဆိုင်သည့် EMP ကတိကဝတ်ဇယား

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန်သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| *ကျန်းမာရေးဆိုင်ရာ လျော့ချရေးနည်းလမ်းများ* | | | | | | | |
| *ကျန်းမာရေး* | | | | | | | |
| 1 အများပြည်သူ ကျန်းမာရေး | 1.1 လေအရည်အသွေး<br>1.2 Hydrogen Sulfide<br>1.3 ဆူညံသံ<br>1.4 ဓာတုပစ္စည်းများ<br>1.5 ရေဆိုး<br>1.6 အန္တရာယ်မရှိသော အမှိုက်<br>1.7 အန္တရာယ်ရှိသော အမှိုက်<br>1.8 လုပ်ငန်းခွင်တွင် မတော်တဆမှုများ<br>1.9 သယ်ယူပို့ဆောင်ရေး | *2.1.1* ယာဉ်မတော်တဆမှုများ၊ လေထုညစ်ညမ်းမှု၊ ဆူညံမှု၊ လောင်စာဆီ/ဓာတုပစ္စည်းများ/အမှိုက် သို့မဟုတ် မတော်တဆ ယိုဖိတ်မှုမှ ညစ်ညမ်းမှု၊ မတော်တဆမှုများ၊ ယိုဖိတ်မှု၊ အမှိုက်များ၊ ဆူညံသံစသည်ဖြင့် မတော်တဆထိခိုက်မှုများကြောင့် လုပ်ငန်းခွင်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ခြင်း။ | 2.1.1.1 PTTEPI ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း။<br>2.1.1.2 လေထုနှင့် ဆူညံသံများအပေါ် သက်ရောက်မှုများအတွက် တင်းကျပ်သော လျော့ချရေးနည်းလမ်းများကို အကောင်အထည်ဖော်ခြင်း။<br>2.1.1.3 အလုပ်သမားအားလုံးအတွက် တကိုယ်ရည်အကာအကွယ်ပစ္စည်း (PPE) ထားရှိခြင်း။<br>2.1.1.4 ရေယာဉ်များနှင့် ကမ်းခြေလုပ်ငန်းများတွင် ရှေးဦးသူနာပြုသေတ္တာများနှင့် ရှေးဦးသူနာပြုခန်းများ ထားရှိခြင်း။<br>2.1.1.5 အရေးပေါ်အခြေအနေများကို ချက်ချင်းတုံ့ပြန်နိုင်ရန် | နိမ့်သော | ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် Medivac စာချုပ်ကို PTTEPI<br><br>PTTEPI သည် အရေးပေါ်တုံ့ပြန်မှုအစီအစဉ်ကို ပံ့ပိုးပေးခြင်း။ | PTTEPI / တွင်းတူးစင် | မတော်တဆဖြစ်ရပ်များ မှတ်တမ်း |

| ပတ်ဝန်းကျင် ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | အနီးဆုံးကျန်းမာရေးဌာန/ ဆေးရုံနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။<br>2.1.1.6 လုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးကင်းရေး၊ မတော်တဆဖြစ်ရပ်များ ကာကွယ်ခြင်း ထိန်းချုပ်ခြင်းများအတွက် လုပ်ငန်းအဆင့်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။<br>• စက်များ/စက်ပစ္စည်းများနှင့် အလုပ်လုပ်ရန် ဘေးကင်းရေးနည်းလမ်း<br>• ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစဉ်<br>• အလုပ်ခွင့်ပြုချက်လုပ်ထုံးလုပ်နည်း<br>• ဓာတုပစ္စည်းအားလုံးအတွက် SDS ထားရှိခြင်း။<br>• လောင်စာသိုလှောင်မှု၊ အမှိုက်စွန့်ပစ်မှုနှင့် စွန့်ပစ်ခြင်းဆိုင်ရာ စည်းမျဉ်းများအားလုံးကို လိုက်နာခြင်း။ (MARPOL 73/78 စည်းမျဉ်းများနှင့် PTTEPI စံနှုန်းများ/ လုပ်ထုံးလုပ်နည်းများ) | | | | |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | • စည်းကမ်းလိုက်နာမှု စောင့်ကြည့်ရေးစနစ်နှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအတွက် မှတ်တမ်းတင်ခြင်း။<br>2.1.1.7 သင့်လျော်သော အလုပ်ပတ်ဝန်းကျင်ကို ထားရှိခြင်း။<br>2.1.1.8 စီမံကိန်းနေရာရှိ အရေးပေါ် စီမံခန့်ခွဲမှုအတွက် မီးကာကွယ်ရေးပစ္စည်းနှင့် လက်စွဲစာအုပ်များ ထားရှိခြင်း။<br>2.1.1.9 စီမံကိန်းဧရိယာတစ်ဝိုက်တွင် မီတာ 500 ဘေးကင်းရေးဇုန်တစ်ခု သတ်မှတ်ပြီး ငါးဖမ်းလှေများနှင့် စီးပွားဖြစ်ရေယာဉ်များအား လုပ်ငန်းဧရိယာအတွင်း မဝင်စေရန် အသိပေးရန် ထောက်ပံ့ရေးယာဉ်များကို ထားရှိခြင်း။<br>2.1.1.10 ဓာတုအန္တရာယ်နှင့်စပ်လျဉ်းသည့် ဘေးကင်းရေးအစီအမံများကို လုပ်ဆောင်ခြင်း။<br>• ဓာတုပစ္စည်းများကို | | | | |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | အလုံပိတ်ကွန်တိန်နာများတွင် သိမ်းဆည်းပြီး လေဝင်လေထွက်ကောင်းမွန်သော နေရာတွင် ထားရှိခြင်း။<br>• ဓာတုပစ္စည်းများကို ကိုင်တွယ်သည့် အလုပ်သမားများအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ အကာအကွယ်ကိရိယာများ၊ ဓာတုကာကွယ်ရေးလက်အိတ်များ၊ ဖုန်မှုန့်ကာကွယ်ရေးမျက်မှန်များနှင့် ဘေးကင်းရေးကိရိယာများကဲ့သို့သော ဓာတုကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးပြီး စက်ပစ္စည်းအသုံးပြုမှုကို စစ်ဆေးခြင်း။<br>• ဓာတုသိုလှောင်သည့်နေရာ၊ တူးဖော်သည့်နေရာ၊ နှင့် အစိုင်အခဲထိန်းချုပ်မှုစနစ်ဧရိယာတွင် မျက်လုံးဆေးကြောသည့် ဘေစင်အား ထားရှိခြင်း။ | | | | |
| | | 2.1.1 မသန့်ရှင်းမှုကြောင့် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ဖျားနာခြင်း။ | 2.1.1.1 ရေသန့်နှင့် လူသုံးကုန်ပစ္စည်းများကဲ့သို့သော လုပ်ငန်းခွင်နေရာများတွင် သင့်လျော်သော သန့်ရှင်းမှုကို ထားရှိခြင်း။ | နိမ့်သော | ရေသန့်နှင့် လူသုံးကုန်ပစ္စည်းများကဲ့သို့သော လုပ်ငန်းခွင်နေရာများတွင် | PTTEPI / တွင်းတူးစင်ကန်ထရိုက်တာ | မတော်တဆဖြစ်ရပ်များ မှတ်တမ်း |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | 2.1.1.2 အလုပ်သမားများအတွက် သန့်ရှင်းသော အိမ်ရာများကို ပြင်ဆင်ပြီး လုံလောက်သော လုပ်သားအရေအတွက် အတွက် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်များနှင့် သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦးများ ပံ့ပိုးပေးခြင်း။ | | သင့်လျော်သော သန့်ရှင်းမှုကို ထားရှိခြင်း။ | | |
| 2 ပြည်သူ့ကျန်းမာရေး။ | 2.1 လမ်းပန်းဆက်သွယ်ရေး | 2.1.1မတော်တဆမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုများကြောင့် ကျန်းမာရေးနှင့် ဘေးကင်းရေးသည် ထိခိုက်နိုင်ခြင်း။<br>2.1.2အန္တရာယ်ရှိသော ထိတွေ့မှုများကြောင့် စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်ဖြစ်ခြင်း။ | 3.1.1.1 PTTEPI ၏ Grievance Mechanism ကို အကောင်အထည်ဖော်ခြင်း။<br>3.1.1.2 တွင်းတူးစင် ရွှေ့ပြောင်းခြင်း မပြုမီ အနည်းဆုံး ရက် 30 ကြိုတင်ညှိနှိုင်းပြီး သင့်လျော်သော အဖွဲ့များသို့ စီမံကိန်း လှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ရေကြောင်းသတိပေးချက်ကို ထုတ်ပေးမည့် MOGE နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။<br>3.1.1.3 လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင် ဆက်ဆံရေးအရာရှိသည်တူးစင်ပေါ်တွင် ရှိနေမည်ဖြစ်သည်။<br>3.1.1.1 တူးဖော်ခြင်းတူးစင်အနီးတစ်ဝိုက်တွင် မီတာ 500 | နိမ့်သော | PTTEPI ၏ Grievance Mechanism ကို အကောင် အထည်ဖော်ခြင်း။<br>တွင်းတူးစင်နှင့် ရေယာဉ် လိုက်နာကြောင်း ထောက်ခံချက် | PTTEPI / တွင်းတူးစင် ကန်ထရိုက်တာ | မတော်တဆ ထိခိုက်မှု များ မှတ်တမ်း တိုင်ကြားစာ မှတ်တမ်း |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | ဘေးကင်းရေးဇုန်ကို ထားရှိခြင်း။<br>3.1.1.2 ယာဉ်ကြောပိတ်ဆို့မှုကို သတိပေးရန် အထောက်အကူပြုရေယာဉ်များကို အသုံးပြုခြင်း။<br>3.1.1.3 မတော်တဆတိုက်မိခြင်းမှကာကွယ်ရန် သင်္ဘောများအားလုံးတွင် သင့်လျော်သောမီးများ၊ သတိပေးအချက်ပြမှုများ၊ ဆက်သွယ်ရေးကိရိယာများ ထားရှိခြင်း။ | | | | |

## ၁.၉.၂.၆ စီစဉ်မထားသော အဖြစ်အပျက်များ

**ဇယား ၁-၁၅- အဆင့်အားလုံးတွင် စီစဉ်မထားသော အဖြစ်အပျက်များအတွက် EMP ကတိကဝတ်ဇယား**

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| 1 တိုက်မိခြင်း | 1.1 သင်္ဘော သွားလာပို့ဆောင်ရေး။ | 1.1.1 လောင်စာ/ဓာတုပစ္စည်းများ/စွန့်ပစ်ပစ္စည်းများကို ပင်လယ်ရေညစ်ညမ်းစေခြင်း၊ သင်္ဘောများ ပျက်စီးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် | 1.1.1.1 တွင်းတူးစင် ရွှေ့ပြောင်းခြင်း မပြုမီ အနည်းဆုံး ရက် 30 ကြိုတင်ညှိနှိုင်းပြီး သင့်လျော်သော အဖွဲ့များသို့ စီမံကိန်းလှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ရေကြောင်းသတိပေးချက်ကို | အလယ် အလတ် | PTTEPI/ ကန်ထရိုက်တာများက တွင်းတူးစင်/ ရေယာဉ်များအတွက် အရေးပေါ် | PTTEPI / တွင်းတူးစင် ကန်ထရိုက်တာ | မတော်တဆထိခိုက်မှု မှတ်တမ်း ရေကြောင်း သတိပေးချ |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | အသက်ဆုံးရှုံးခြင်းတို့ ဖြစ်နိုင်သော မတော်တဆ တိုက်မိခြင်းများ။ | ထုတ်ပေးမည့် MOGE နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။<br>1.1.1.2 လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင် ဆက်သံရေးအရာရှိသည်တူးစင်ပေါ်တွင် ရှိနေမည်ဖြစ်သည်။<br>1.1.1.3 တူးဖော်ခြင်းတူးစင်အနီး တစ်ဝိုက်တွင် မီတာ 500 ဘေးကင်းရေးဇုန်ကို ထားရှိခြင်း။<br>1.1.1.4 ယာဉ်ကြောပိတ်ဆို့မှုကို သတိပေးရန် အထောက်အကူပြုရေယာဉ်များကို အသုံးပြုခြင်း။<br>1.1.1.5 မတော်တဆတိုက်မိခြင်းမှကာကွယ်ရန် သင်္ဘောများအားလုံးတွင် သင့်လျော်သောမီးများ၊ သတိပေးအချက်ပြမှုများ တပ်ဆင်ခြင်း။<br>1.1.1.6 SOLAS လိုအပ်ချက်အရ လုံလောက်သော အသက်ကယ်ကိရိယာများ ပံ့ပိုးပေးခြင်း။<br>1.1.1.7 ဖြစ်ရပ်တစ်ခုဖြစ်ပွားပါက PTTEPI ၏ အရေးပေါ်တုံ့ပြန်မှုအစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်သည်။ | | တုံ့ပြန်မှုအစီအစဉ်ကို ပံ့ပိုးပေးရန် | | က် |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | အရေးပေါ်တုံ့ပြန်ရေးလေ့ကျင့်မှုကို တစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်ခြင်း။ | | | | |
| 2 လောင်စာဆီ၊ ဓာတုသို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ/ ပစ္စည်းများ ယိုဖိတ်ခြင်း ။ | 2.1 စက်သုံးဆီ၊ ဓာတုပစ္စည်းများ၊ အန္တရာယ်ရှိသော ပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို သိုလှောင်ခြင်း။ | 2.1.1 လေအရည်အသွေး၊ အပေါ်ယံရေ အရည်အသွေး၊ အနည်အရည်အသွေး၊ ဇီဝနှင့် လူတို့ကို သက်ရောက်စေသည့် ယိုဖိတ်မှုများ။ | 2.1.1.1 PTTEPI ၏ Oil Contingency Plan တွင်ဖော်ပြထားသည့်အတိုင်း ဘေးကင်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊<br>2.1.1.2 PTTEPI ၏ Spill Contingency Plan ကို အကောင်အထည်ဖော်ပြီး ဆီယိုဖိတ်မှု အခြေအနေများကို ကိုင်တွယ်ရန် ဝန်ထမ်းများအတွက် အစမ်းလေ့ကျင့်မှု/လေ့ကျင့်မှု ပြုလုပ်ခြင်း။<br>2.1.1.3 ချုပ်ဆိုထားသော Oil Spill Response ဝန်ဆောင်မှုအား စီမံကိန်းနေရာတွင် ရှိစေရန်။<br>2.1.1.4 သင့်လျော်သော ဆေးကုသမှုကို ပံ့ပိုးပေးခြင်း၊ သန့်ရှင်းမှု ပြုလုပ်ခြင်း၊ မတော်တဆမှု သို့မဟုတ် မတော်တဆမှု အစီရင်ခံစာများ တင်သွင်းခြင်း။<br>2.1.1.5 ဓာတုဗေဒပစ္စည်းများအားလုံးကို လုံခြုံသောမယိုစိမ့်နိုင်သော ကြမ်းပြင်နှင့် နံရံရှိသော နေရာတွင်သိမ်းဆည်းခြင်း။ ၎င်းတို့၏ SDS အရ ဓာတုပစ္စည်းများအားလုံးကို ကိုင်တွယ်ခြင်း။ | *အလယ်အလတ်* | PTTEPI သည် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ကို ပံ့ပိုးခြင်း။<br><br>PTTEPI သည် Spill Contingency Plan ကို ပံ့ပိုးခြင်း။<br><br>ကန်ထရိုက်တာမှ Spill kits များ ပံ့ပိုးပေးရန် | PTTEPI / တွင်းတူးစင် ကန်ထရိုက်တာ | မတော်တဆ ဖြစ်ရပ်မှတ်တမ်း |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | 2.1.1.6 မတော်တဆ ဖြစ်ရပ်များကို စုံစမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖိုင်တွဲခြင်း။ | | | | |
| 3 ပေါက်ကွဲထွက်ခြင်း | 3.1 တွင်းတူးခြင်း | 3.1.1ပင်လယ်ထဲသို့ ဟိုက်ဒရိုကာဗွန်ထုတ်လွှတ်မှု၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု | 3.1.1.1 တူးစင်တပ်ဆင်ခြင်းနှင့် တူးဖော်ခြင်းမတူးဖော်မီ လေ့လာမှုအတွင်း shallow gas pocket များကို စစ်ဆေးခြင်း။<br>3.1.1.2 တူးဖော်သည့်တွင်းရှိ ဖိအားနှင့် ရွှံ့များလည်ပတ်မှုကို စစ်ဆေးခြင်း။<br>3.1.1.3 Tier 3 ဖြစ်ရပ်အတွက် Tabletop Oil Spill Response Drill ကို လုပ်ဆောင်ပြီး ဖြစ်နိုင်ခြေရှိသော အဖြစ်အပျက်များတွင် အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း။<br>3.1.1.4 ချုပ်ဆိုထားသော Oil Spill Response ဝန်ဆောင်မှုအား စီမံကိန်းနေရာတွင် ရှိစေရန်။<br>3.1.1.5 API 53 အရ BOP ကို စမ်းသပ်ပြီး အသိအမှတ်ပြုခြင်း။ | အလယ် အလတ် | PTTEPI သည် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ကို ပံ့ပိုးခြင်း။<br><br>PTTEPI သည် Spill Contingency Plan ကို ပံ့ပိုးခြင်း။<br><br>ကန်ထရိုက်တာမှ Spill kits များ ပံ့ပိုးပေးရန် | PTTEPI / တွင်းတူးစင် ကန်ထရိုက်တာ | BOP Test Certificate<br><br>Incident Report |
| 4 အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း /တိုင်ဖွန်း | 4.1 ရာသီဥတု | 4.1.1ဒဏ်ရာများ သို့မဟုတ် သေဆုံးခြင်း။<br>4.1.2တူးစင်၏ဖွဲ့စည်းပုံအား ပျက်စီးစေသည်။<br>4.1.3ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု | 4.1.1.1 PTTEPI ၏ အပူပိုင်းမုန်တိုင်း စီမံချက်ကို အကောင်အထည်ဖော်ခြင်း။<br>4.1.1.2 အရေးပေါ်တုံ့ပြန်မှုအစီအစဉ်နှင့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းလုပ်ထုံးလုပ်နည်းအရ တွင်းတူးခြင်းကို ဆောင်ရွက်ခြင်း။<br>4.1.1.3 မတော်တဆ ဖြစ်ရပ်မျိုးတွင်၊ | အလယ် အလတ် | Tropical Cyclone Procedure | PTTEPI / တွင်းတူးစင် ကန်ထရိုက်တာ | Incident Report |

| ပတ်ဝန်းကျင်ဆိုင်ရာ အချက်များ | လုပ်ငန်း | ဖြစ်နိုင်ခြေရှိသော သက်ရောက်မှု | လျော့ချရေးနည်းလမ်းများ | ကျွင်းကျန် သက်ရောက်မှု | လုပ်ဆောင်ချက် | တာဝန်ရှိသူ | မှတ်တမ်း |
|---|---|---|---|---|---|---|---|
| | | | ပြင်းထန်သောအခြေအနေများအတွင်း ဝန်ထမ်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း အပါအဝင် အရေးပေါ်တုံ့ပြန်ရေးစီမံချက်ကို အကောင်အထည် ဖော်မည်ဖြစ်သည်။ | | | | |
| 5 မီး သို့မဟုတ် ပေါက်ကွဲမှု | 5.1 လောင်စာဆီနှင့် ဓာတုပစ္စည်း သိုလှောင်မှု | 5.1.1 သဘော်၊ သို့မဟုတ် တူးဖော်ရေး တူးစင်ပေါ်တွင် ပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှု ဖြစ်နိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုနှင့် ဒဏ်ရာများ သို့မဟုတ် အသက်ဆုံးရှုံးမှုများ နှင့် ပင်လယ်ရေညစ်ညမ်းမှုတို့ကို ဖြစ်စေနိုင်ခြင်း။ | 5.1.1.1 စီမံကိန်းနေရာရှိ အရေးပေါ် စီမံခန့်ခွဲမှုအတွက် မီးဘေးကာကွယ်ရေးပစ္စည်းကိရိယာများနှင့် လက်စွဲစာအုပ်များ ပေးအပ်ပြီး လျော့ပါးသက်သာရေး အစီအမံများနှင့်အညီ သင့်လျော်သော အလေ့အကျင့်ကို ဆောင်ရွက်ခြင်း။<br>5.1.1.2 မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်တုံ့ပြန်ရေးစီမံချက်ကို အကောင်အထည်ဖော်ခြင်း။ | အလယ် အလတ် | PTTEPI သည် အရေးပေါ်တုံ့ပြန်မှု အစီအစဉ်ကို ပံ့ပိုးပေးသည်။<br><br>PTTEPI သည် Spill Contingency Plan ကို ပံ့ပိုးပေးသည်။ | PTTEPI / တွင်းတူးစင် ကန်ထရိုက်တာ | Incident Report |

# ၁.၁၀ လူထုတွေ့ဆုံပွဲနှင့် စီမံကိန်းအကြောင်း ထုတ်ဖော်ကြေငြာခြင်း

## ၁.၁၀.၁ လူမှုစီးပွားစစ်တမ်းကောက်ယူခြင်း

International Environmental Management Co. Ltd. (IEM) နှင့် EQM တို့သည် လူမှုစီးပွားစစ်တမ်း၊ သဘောထားအမြင်ကောက်ယူခြင်းများနှင့် အဖွဲ့လိုက်စည်းဝေးခြင်းများကို ဖျာပုံနှင့် ဒေးဒရဲမြို့များတွင် ဆောင်ရွက်ခဲ့ပါသည်။ လူထုတွေ့ဆုံပွဲများကို နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့်နှင့် EIA အဆင့်တွင် ဆောင်ရွက်ခဲ့ပါသည်။

## ၁.၁၀.၂ လူမှု-စီးပွားနှင့် သဘောထားအမြင် စစ်တမ်းကောက်ယူခြင်း

စီမံကိန်းကြောင့် ထိခိုက်နိုင်ခြေရှိသော ပုဂ္ဂိုလ်/ ပါဝင်ပတ်သက်သူများထံမှ လူမှုစီးပွားနှင့် သဘောထားအမြင်များ ရယူရန် ကန်ထရိုက်တာသည် ပုံမှန်အားဖြင့် ကမ်းလွန်ပင်လယ်ပြင်အနီးတွင် ငါးဖမ်းသည့် တံငါရွာများ၊ ကမ်းရိုးတန်းတစ်လျှောက်ရှိ အိမ်ထောင်စုနှင့် ကျေးရွာများတွင် လူမှု-စီးပွားနှင့် သဘောထားအမြင် စစ်တမ်း ကောက်ယူခြင်းကို ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

လူမှု-စီးပွား နမူနာ ကောက်ယူခြင်းတွင် အောက်ပါအချက်များအပါအဝင် အဆင့်များစွာပါဝင်ပါသည်။

1. အဓိကလူပုဂ္ဂိုလ်များနှင့်တွေ့ဆုံမေးမြန်းခြင်း - ဒေသခေါင်းဆောင်များနှင့် တွေ့ဆုံဆောင်ရွက်ခြင်း။
2. လူမှု-စီးပွား၊ ကျန်းမာရေးနှင့် သဘောထားအမြင်စစ်တမ်းကောက်ယူခြင်း- လူမှု-စီးပွားစစ်တမ်း ကောက်ယူခြင်းကို အောက်ပါအချက်အလက်များနှင့် သဘောထားများရယူရန် ရည်ရွယ်ပြီး ဒီဇိုင်းရေးဆွဲထားပါသည်။
   - အိမ်ထောင်စုများ၏ ဖွဲ့စည်းပုံနှင့် လူဦးရေစာရင်း
   - အိမ်ထောင်စု လူနေမှု အဆင့်အတန်း၊ အလုပ်အကိုင်၊ ဝင်ငွေ၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများ။
   - အိမ်ထောင်စုနှင့် တစ်ဦးချင်းကျန်းမာရေး။
   - ဒေသတွင်း စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းဆိုင်ရာ အချက်အလက်များ အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် လူ့ပတ်ဝန်းကျင်အသုံးပြုမှုဆိုင်ရာ အချက်အလက်များ
   - စီမံကိန်း၏ ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများအပေါ် သဘောထားများ။

အိမ်ထောင်စုများကို စီမံကိန်းအရ သက်ရောက်နိုင်ခြေရှိသော ဧရိယာများမှ ကျပန်း နမူနာကောက်ယူခဲ့ပါသည်။ ရလာဒ်များကို Survey Monkey ဟုခေါ်သော database ထဲထည့်သွင်းဆောင်ရွက်ပြီး သင့်လျော်သလို EIA အစီရင်ခံစာထဲတွင် အကျဉ်းချုပ် ဖော်ပြပါသည်။ အိမ်ထောင်စု ၄၀၀ ကို နမူနာ ကောက်ယူခဲ့ပါသည်။

IEM သည် လူမှု-စီးပွားနှင့် သဘောထားအမြင် စစ်တမ်းကောက်ယူခြင်းကို လွန်ခဲ့သော ၂ နှစ်ခန့်က ဆောင်ရွက်ပြီးဖြစ်ပြီး မေးရမည့် မေးခွန်းအမျိုးအစားများကို ရှင်းလင်းစွာ နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။

စီမံကိန်းကြောင့် စိုးရိမ်ပူပန်မှုများ အပါအဝင် ကောင်းသော သက်ရောက်မှုများနှင့် ပတ်သက်၍ ဒေသခံများ၏ အမြင်များကို ရရှိခဲ့ပါသည်။

အချိန်နှင့်အမျှ စောင့်ကြည့်နိုင်သော အကြံပြုဖွံ့ဖြိုးတိုးတက်မှု လူမှု-စီးပွား အချက်များကို အထက်ပါ အချက်အလက်များမှ ဖော်ပြထားပါသည်။ ထို့ပြင် ဤအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး လူမှုဖွံ့ဖြိုးရေး နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုကို ရရှိရန် ဆောင်ရွက်ပါသည်။ ရလဒ်များသည် ဒေသန္တရစီမံကိန်း၏ ပံ့ပိုးကူညီမှုအဆင့်ကို ရှင်းလင်းစွာ နားလည်သဘောပေါက်စေသည်။

ရရှိသော သဘောထားအမြင်များသည် လူထုမှ စီမံကိန်းနှင့် စီမံကိန်းဧရိယာရှိ ဖြစ်နိုင်ခြေရှိသော ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများကို ရှင်းလင်းစွာ နားလည်သဘောပေါက်ကြောင်း သေချာစေပါသည်။

တွေ့ဆုံမေးမြန်းချက်များအရ ၇၃% သည် အဆိုပြု စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးကို သဘောတူပြီး ၂၄ % သည် သေချာရေရာသော အဖြေမပေးပဲ ၄% သည် စီမံကိန်းအား သဘောမတူကြောင်း ဖြေဆိုခဲ့ပါသည် (ပုံ ၁-၈)။




**ပုံ ၁-၉ အဆိုပြုစီမံကိန်းအား သဘောတူပါသလား**

## ၁.၁၀.၃ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့် လူထုတွေ့ဆုံဆွေးနွေးခြင်း

PTTEPI သည် စီမံကိန်းအတွက် သက်ဆိုင်သူများအားသတ်မှတ်ရန်အတွက် ရောဝတီနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။ စီမံကိန်းတည်နေရာအပေါ်အခြေခံ၍ စီမံကိန်းနှင့်အနီးတဝိုက်နှင့် စီမံကိန်းလုပ်ဆောင်မှုများနှင့် သက်ဆိုင်သည့် မြို့နယ်များနှင့် ကျေးရွာများတွင် လူထုတွေ့ဆုံပွဲများ ပြုလုပ်ခဲ့ပါသည်။

မြို့နယ်အဆင့် အစည်းအဝေးများမှာ:

- ဖျာပုံမြို့နယ်
- ဒေးဒရဲမြို့နယ်

လူထုတွေ့ဆုံပွဲကို ဒေါ်ညိမ်းကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများကို ဖိတ်ကြားကာ ဆောင်ရွက်ခဲ့ပါသည်။

1. ဒေါ်ညိမ်းကျေးရွာ + (သရက်ပင်စိပ်၊ ဗန်ဒါပင်၊ ကမံဒါ၊ အေးကုန်း၊ ကန်စု၊ မြို့ကုန်း၊ ကြံလှ၊ ပျဉ်းမကုန်း) လူထုတွေ့ဆုံပွဲကို အောင်သာယာကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများကို ဖိတ်ကြားကာ ဆောင်ရွက်ခဲ့ပါသည်။
2. အောင်သာယာရွာ + (မော်ဘီ၊ စံပြ၊ ထိန်တပင်၊ ခြောက်အိမ်ကုန်း၊ စပ်စု၊ လက်ခုပ်၊ အောင်ချမ်းသာ၊ အဖောင်၊ မငေးကြီး၊ ရွှေတောင်စု၊ ကြံခမင်း၊ မငေးကြီးတဖက်ကမ်း၊ ကန်ချောင်၊ ကဒါ၊ ကဒါအောက်စု)

တိုင်းဝန်ကြီးချုပ်ရုံး၏ ခွင့်ပြုချက်ရယူပြီးနောက် ခရိုင်အဆင့် လူထုညှိနှိုင်းအစည်းအဝေးများကို စတင်ခဲ့ပါသည်။

လူထုတွေ့ဆုံပွဲများကိုအစည်းအဝေးကို စီစဉ်ထားသော အချိန်ဇယားအတိုင်း စီစဉ်ပြီး သက်ဆိုင်ရာ ဌာနများကို ဖိတ်ကြားရန်အတွက် အကြံပေးအကြိုစစ်တမ်းအဖွဲ့သည် သက်ဆိုင်ရာ ဖျာပုံနှင့် ဒေးဒရဲမြို့များ ပါဝင်သော ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

### ၁.၁၀.၃.၁ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့် လူထုတွေ့ဆုံပွဲမှ အဓိက ပြဿနာများ

မြို့နယ်နှင့် ကျေးရွာ လူထုတွေ့ဆုံပွဲများမှ အဓိက မေးခွန်းနှင့် အဖြေများကို အောက်ပါ ဇယား ၁-၅ တွင် ဖော်ပြထားပါသည်။

**ဇယား ၁-၁၆ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့် လူထုတွေ့ဆုံပွဲမှ အဓိကမေးခွန်းနှင့်အဖြေများ အကျဉ်းချုပ်**

| စဉ် | မေးခွန်း/ အကြံပြုချက် | အဖြေများ | လျော့ချရေးနည်းလမ်းများ |
|---|---|---|---|
| ၁ | စီမံကိန်းဧရိယာအတွင်း လူထုတွေ့ဆုံပွဲ ထပ်လုပ်ရန် အစီအစဉ် ရှိမရှိ။ ဒေသခံများက စီမံကိန်းနှင့် လုပ်ငန်းများအကြောင်း အပြည့်အဝ နားလည်သဘောပေါက်ကြောင်း သေချာစေရန် မည်သို့ ဆောင်ရွက်မလဲ။ | PTTEPI သည် မြို့နယ်အဆင့် လူထုတွေ့ဆုံပွဲကို ဒေးဒရဲမြို့နယ် GAD ရုံး၌ ၂၀၂၂ ခုနှစ်၊ မေလ ၁၈ ရက် နံနက်ခင်းနှင့် ကျေးရွာအဆင့် လူထုတွေ့ဆုံပွဲကို ညနေခင်းတွင် ဒေးဒရဲနှင့် ဖျာပုံမြို့နယ်ရှိ ဒေသခံများကို ဖိတ်ကြားပြီး ဆောင်ရွက်ပါမည်။ နောက်ရက် ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်တွင် နောက်ထပ် ကျေးရွာအဆင့် လူထုတွေ့ဆုံပွဲကို APF အနီးရှိ ကျေးရွာများ အပါအဝင် ဒေါ်ညိမ်းကျေးရွာတွင် ဆောင်ရွက်ခဲ့ပါသည်။ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းအတွက် သတင်းချက်အလက်များကို PTTEPI ဝက်ဘ်ဆိုက်တွင် ဖော်ပြသွားပါမည်။ | လူထုတွေ့ဆုံပွဲနှင့် စီမံကိန်းအကြောင်း ကြေငြာချက်များကို သင့်လျော်သော နေရာများတွင် ဆောင်ရွက်သွားရန်။ |
| ၂ | စီမံကိန်းကြောင့် ငါးလုပ်ငန်း အဖွဲ့အစည်းအပေါ် ထိခိုက်နိုင်မှု။ | PTTEPI သည် prefabrication စနစ်ကို အသုံးပြုပြီး ASK platforms ကို ဆောက်လုပ်သွားမည် ဖြစ်ပြီး (၎င်းစနစ်သည် လုပ်ငန်းခွင် အဆောက်အဦးထက် အခြားနေရာများတွင် အစိတ်အပိုင်းများကို ပိုစုဝေးစေပါသည်။) စီမံကိန်းနေရာသို့ သင်္ဘောများဖြင့် သယ်ယူပါမည်။<br><br>၎င်းစနစ်ကို မဆောင်ရွက်မီ ငါးဖမ်းလုပ်ငန်းများကို တားမြစ်ရန် ၅၀၀ မီတာပတ်လည် exclusion zone ထားရှိပြီး ရေကြောင်းသတိပေးထုတ်ပြန်ချက် ကို ငါးလုပ်ငန်း ဦးစီးဌာနမှ တဆင့် ထုတ်ပြန်ပါမည်။ တားမြစ်ထားသော ကာလသည် ယာယီဖြစ်ပြီး ဆောင်ရွက်မှု ပြီးစီးပါက မူလအခြေအနေအတိုင်း | စီမံကိန်းမစတင်မီ ၂ ပတ်အလို ရေကြောင်း သတိပေးချက် ထုတ်ပြန်ခြင်း။<br><br>လုပ်ငန်းပတ်ဝန်းကျင် မီတာ ၅၀၀ exclusion zone ထားရှိခြင်း။ |

| စဉ် | မေးခွန်း/ အကြံပြုချက် | အဖြေများ | လျော့ချရေးနည်းလမ်းများ |
|---|---|---|---|
| | | ပြန်လည်ဖွင့်လှစ်ပေးပါမည်။<br>အလားတူ ASK 12 စီမံကိန်း ဆောင်ရွက်ခြင်းသည် ရက် ၆၀ ဟု ခန့်မှန်းထားပြီး တွင်းတူးစင် ရွှေ့ပြောင်းခြင်းသည် ၅ ရက်ခန့်သာ ကြာမြင့်ပါမည်။ တွင်းတူးစင် ရွှေ့ပြောင်းပြီးပါက ငါးဖမ်းလုပ်ငန်းများကို နဂိုအတိုင်း ပြန်လည် ဆောင်ရွက်နိုင်ပါသည်။ | |
| ၃ | လုပ်ကွက် M-3 နှင့် ပတ်သက်ပြီး ငါးဖမ်းဧရိယာများအခြေအနေက ဘယ်လိုလဲ။ ကြားရသော သတင်းများအရ M-3 စီမံကိန်းက ငါးဖမ်းလုပ်ကွက် ၇ ခုပါဝင်ပြီး လုပ်ကွက် ၄ ခုက ဖျာပုံနှင့် ကြာပေါင် မြို့နယ်တွင်ပါဝင်ပါတယ်။ M-3 စီမံကိန်းက ၂၀၂၃ အောက်တိုဘာလမှာ စတင်ပြီး ငါးဖမ်းလုပ်ငန်းက စက်တင်ဘာလ အစပိုင်းမှာ စတင်မှာဖြစ်ပါတယ်။ ကြားဖောင် လုပ်ငန်းက စက်တင်ဘာလမတိုင်မီ တစ်လခန့်ကြို၍ ဝါးစုဆောင်းရန် လိုအပ်ပါတယ်။ ဒါ့ကြောင့် စီမံကိန်းနေရာ အတိအကျ (လတ္တီကျူ၊ လောင်ဂျီကျူ) များကို အတိအကျပေးရန်လိုအပ်ပြီး ငါးဖမ်းလှေပိုင်ရှင်များကို ငါးလုပ်ငန်းဦးစီးဌာနမှတဆင့် အကြောင်းကြားရန် လိုအပ်ပါသည်။ | PTTEPI မှ စီမံကိန်းနေရာ အတိအကျကို ထည့်သွင်းဖော်ပြသွားပါမည်။ လူမှု-စီးပွား စစ်တမ်းကောက်ယူခြင်းကို ဒေသခံ ငါးဖမ်းလုပ်ငန်းများအပေါ် သက်ရောက်မှုကို ဆန်းစစ်ရန် IEM/ EQM တို့မှ ဆောင်ရွက်သွားပါမည်။ ငါးဖမ်းလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးချက်များအရ ဒေသခံ ငါးဖမ်းလုပ်ငန်းအဖွဲ့အစည်းများအပေါ် သက်ရောက်နိုင်မှုများအတွက် လျော့ချရေး နည်းလမ်းများကို သတ်မှတ်သွားပါမည်။ | ဒေသခံ ငါးဖမ်းသမားများနှင့် တွေ့ဆုံပြီး စီမံကိန်းတည်နေရာနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်မှု သတင်း အချက်အလက်များကို ချပြရန်။ |
| ၄ | ပိုက်လိုင်းတွင် သဘာဝ အန္တရာယ်များနှင့် ယိုဖိတ်မှု/ ပေါက်ကွဲမှုများရှိပါက အရေးပေါ် စီစဉ်မှုများနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ ရှိပါသလား။ | EIA အစီရင်ခံစာတွင် ၎င်း မမျှော်လင့်ထားသော အဖြစ်အပျက်များအတွက် သက်ရောက်မှု အကဲဖြတ်ခြင်းများ ပါဝင်ပြီး ၎င်းတို့အတွက် လျော့ချရေး နည်းလမ်းများလည်း ထည့်သွင်းဖော်ပြထားပါသည်။ ပိုက်လိုင်း ပေါက်ကွဲထွက်ခြင်းသည် အလွန် ဖြစ်ခဲပါသည်။ အကယ်၍ ဖြစ်လာပါက ထိန်းချုပ်နိုင်ရန် လုံခြုံရေး block valves များ ထားရှိပါသည်။ အရေးပေါ်အခြေအနေတွင် ဓါတ်ငွေ့ စီးဆင်းမှုကို အလိုအလျောက်ရပ်တန့်ပေးသော လုံခြုံရေး block valves ငါးခု ဒေါ်ညိမ်းရွာတွင် ရှိပါသည်။<br>PTTEPI သည် ဒေသမီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ ဝန်ထမ်းများနှင့် ဒေသခံများအတွက် လုံခြုံရေး သင်တန်းများ ပေးသွားပါမည်။ | စီမံကိန်းအတွက် အရေးပေါ်တုန့်ပြန်ရေး အစီအစဉ်များ ပြင်ဆင်ထားရန်။ ဒေသမီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်း၍ ဝန်ထမ်းများနှင့် ဒေသခံများအတွက် လုံခြုံရေး သင်တန်းများ ပေးခြင်း။ |
| ၅ | PTTEP က စီမံကိန်းလုပ်ငန်းများ (တပ်ဆင်ခြင်း၊ တူးဖော်ခြင်း ကဲ့သို့သော) | စိုးရိမ်ပူပန်မှုများကို PTTEPI မှ ထည့်သွင်းစဉ်းစားသွားပါမည်။ သင့်လျော်သော လူမှု- | စီမံကိန်းမစတင်မီ ၂ ပတ်အလိုတွင် |

| စဉ် | မေးခွန်း/ အကြံပြုချက် | အဖြေများ | လျော့ချရေးနည်းလမ်းများ |
|---|---|---|---|
| | စတင်သည့်အချိန်တွင် သင်္ဘောမောင်းနှင်မည့် လမ်းကြောင်း၊ တည်နေရာနှင့် လုပ်ငန်းလည်ပတ်ရန်ကြာချိန်တို့ကို ဒေသခံများကို အကြောင်းကြားစေချင်ပါတယ်။ သို့မှသာ စီမံကိန်းဧရိယာကို ရှောင်ရှားနိုင်ရန် ကြိုတင်ပြင်ဆင်ချိန် ရှိမှာ ဖြစ်ပါတယ်။ စီမံကိန်းဧရိယာမှာ ကျွန်တော် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေတာ ရှိပါတယ်။ အကယ်၍ လမ်းကြောင်းများ မသိပါက တိုက်မိမှုများ ရှိနိုင်ပါတယ်။<br><br>အရင်က တိုက်မိဖူးတဲ့ အတွေ့အကြုံများ ရှိပြီး ငါးဖမ်းပိုက်ကွန်များ ပျက်ဆီးပြီး လျော်ကြေးမရခဲ့ပါ။ ထို့ကြောင့် စီမံကိန်းလုပ်ငန်းများ မစတင်မီ ကြိုတင်အကြောင်းကြားထားသင့်ပါတယ်။ ကျွန်တော်တို့ ငါးဖမ်းလုပ်ငန်းက အသေးစားဖြစ်ပြီး ထိခိုက်လွယ်ပါတယ်။ | စီးပွား လျော့ချရေးနည်းလမ်းများနှင့် ၎င်းအချက်အလက်များကို ထည့်သွင်းစဉ်းစားထားသော အစီအစဉ်များကို ထည့်သွင်းဖော်ပြသွားပါမည်။<br><br>M-3 ASK စီမံကိန်းအတွက် ငါးလုပ်ငန်း ဦးစီးဌာနမှ တဆင့် ရေကြောင်းသတိပေး ထုတ်ပြန်ချက်ကို ၁ လ (သို့) ၂ ပတ် ကြိုတင်ပြီး ကြေငြာသွားပါမည်။ အနီးအနားရွာမှ ဒေသခံ ကိုယ်စားလှယ်တစ်ဦးနှင့် ထောက်ပံ့ရေး ရေယာဉ်ပေါ်မှ PTTEPI နိုင်ငံခြားသား ဝန်ထမ်းများနှင့် ငါးလုပ်ငန်းအဖွဲ့များနှင့်အတူ တွေ့ဆုံသွားပါမည်။ ထို့အပြင် ရေကြောင်းသတိပေးထုတ်ပြန်ချက် မရရှိပဲ လုပ်ငန်းဆောင်ရွက်နေသော ရေလမ်းကြောင်းအတွင်း ဝင်လာသူများအတွက် လမ်းကြောင်းများအကြောင်းရှင်းပြပြီး ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားပါမည်။ | ရေကြောင်းသတိပေးထုတ်ပြန်ရန်။<br><br>စီမံကိန်းဝန်းကျင် ၅၀၀ မီတာကို exclusion safety zone အဖြစ် ထားရှိရန်။<br><br>ငါးဖမ်းပိုက်များ၊ ပိုက်ကွန်များ အတွက် လျော်ကြေးများ ဖော်ပြရန်။ |
| ၆ | ယခုအခါ ရွာရဲ့ လူနေမှု အဆင့်အတန်းက နိမ့်ကျလာပါတယ်။ ဓါတ်ငွေ့ပိုက်လိုင်း ကျေးရွာကိုဖြတ်သွားသော်လည်း လျှပ်စစ်မီး မရပါ။ ရွာ၏ ပို့ဆောင်ဆက်သွယ်ရေး ကလည်း ဆိုးရွားလျက်ရှိပါတယ်။ အခြေခံ အဆောက်အဦးများ (ဥပမာ လျှပ်စစ်၊ လမ်း၊ ပညာရေး၊ ဈေး နဲ့သုသာန်ကဲ့သို့) ကို ထောက်ပံ့ပေးရန် PTTEPI ကို တောင်းဆိုလိုပါတယ်။ | PTTEP သည် လက်ရှိ အဓိက ဒေသလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘာသာရေး တို့အတွက် လူမှု-စီးပွား အကျိုးရလဒ်များကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သည့် ၂ ပတ်က ဒေသလိုအပ်ချက်များကို စစ်တမ်းကောက်ယူထားပြီး ဖြစ်ပါသည်။ သင့်လျော်သော CSR လုပ်ငန်းများကို ကုမ္ပဏီဥပဒေနှင့် MOGE လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားပါမည်။ | စီမံကိန်းအတွက် CSR အစီအစဉ် ဆောင်ရွက်ပြီး ထိခိုက်ခံရသော ဒေသခံအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးရန်။ |

## ၁.၁၀.၄ EIA အဆင့် လူထုတွေ့ဆုံပွဲ

အစည်းအဝေးများကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ အကြံပြုချက်နှင့်အညီ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပါသည်။ EIA အဆင့် လူထုတွေ့ဆုံပွဲမှ အဓိကမေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များကို ဇယား (၁-၁၈) တွင် အကျဉ်းချုပ်ဖော်ပြထားသည်။

အဓိကမေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများတွင် သဘာဝပတ်ဝန်းကျင်နှင့် တံငါသည်များအပေါ် အကျိုးသက်ရောက်မှုများ၊ ဓာတ်ငွေ့ပိုက်လိုင်းမှ ယိုစိမ့်/မီးလောင်မှုအန္တရာယ်၊ အစိုးရအခွဲ/အရည် စွန့်ပစ်ခြင်းအစီအစဉ်၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အဆိုပြုထားသော စီမံကိန်းမှ အလားအလာရှိသော CSR လုပ်ရှားမှုများ ပါဝင်သည်။

ဒုတိယအကြိမ် EIA အဆင့် လူထုအစည်းအဝေးများအတွက် ခရိုင်တာဝန်ရှိသူများမှ အတည်ပြုထားသည့်အတိုင်း အောက်ပါအချိန်ဇယားကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။

**ဇယား ၁-၁၇ EIA အဆင့် လူထုတွေ့ဆုံပွဲအချိန်ဇယား**

| | | |
|---|---|---|
| **Day-1** | နေ့ရက် | 27th Sep 2022 (10:00 to 12:30 hrs) |
| | နေရာ | ဖျာပုံ |
| | ခန်းမ | ဖျာပုံ အထွေထွေအုပ်ချုပ်ရေးမှူးရုံး |

| | | |
|---|---|---|
| **Day-2** | နေ့ရက် | 28th Sep 2022 (10:00 to 11:30 hrs) |
| | နေရာ | ဒေးဒရဲမြို့နယ် |
| | ခန်းမ | ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး |
| | | |
| | နေ့ရက် | 28th Sep 2022 (2:30 pm – 3:30 pm) |
| | နေရာ | အောင်သာယာကျေးရွာ |
| | ခန်းမ | ဘုရားကြီးဘုန်းကြီးကျောင်း၊ အောင်သာယာကျေးရွာ။ |

| | | |
|---|---|---|
| **Day-3** | နေ့ရက် | 29th September 2022 (11 am) |
| | နေရာ | ဘုန်းကြီးသောင်ကျေးရွာ |
| | ခန်းမ | ဘုန်းကြီးသောင်ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး။ |
| | | |
| | နေ့ရက် | 29th September 2022 (2:30 pm) |
| | နေရာ | နှောက်မြီးကျေးရွာ |
| | ခန်းမ | နှောက်မြီးကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး။ |

| | | |
|---|---|---|
| **Day-4** | နေ့ရက် | 30th September 2022 |
| | နေရာ | ဒေါ်ညိမ်းကျေးရွာ |
| | ခန်းမ | သရက်တောဘုန်းကြီးကျောင်း၊ ဒေါ်ညိမ်းကျေးရွာ။ |
| | | |
| | နေ့ရက် | 30th September 2022 |
| | နေရာ | ကပျက်ကျေးရွာ |
| | ခန်းမ | ကပျက်ကျေးရွာ၊ ငါးလုပ်ငန်းအဖွဲ့ |

ဒုတိယအကြိမ် လူထုတွေ့ဆုံပွဲတွင် သက်ဆိုင်သူများ၏ စိုးရိမ်ပူပန်မှုနှင့် မေးခွန်းများကို ဇယား (၁-၁၈) တွင် အသေးစိတ် ဖော်ပြထားပါသည်။

### ၁.၁၀.၄.၁ EIA အဆင့် လူထုတွေ့ဆုံပွဲမှ အဓိက ပြဿနာများ

မြို့နယ်နှင့် ကျေးရွာ လူထုတွေ့ဆုံပွဲများမှ အဓိက မေးခွန်းနှင့် အဖြေများကို အောက်ပါ ဇယား ၁-၁၈ တွင် ဖော်ပြထားပါသည်။

**ဇယား ၁-၁၈ EIA အဆင့် လူထုတွေ့ဆုံပွဲအတွင်း အဓိကမေးခွန်းနှင့်အဖြေများ အကျဉ်းချုပ်**

| စဉ် | မေးခွန်း/ အကြံပြုချက် | အဖြေများ | လျော့ချရေးနည်းလမ်းများ |
|---|---|---|---|
| ၁ | - ဓာတ်ငွေ့ပိုက်လိုင်းမှ ယိုစိမ့်မှု သို့မဟုတ် မီးလောင်ကျွမ်းမှုကို မည်ကဲ့သို့ ထိန်းချုပ်နိုင်မည်နည်း။<br>- ဓာတ်ငွေ့ယိုစိမ့်မှုကို စောင့်ကြည့်ရန် Gas detector ရှိပါသလား။<br>- မီးငြိမ်းသတ်ခြင်း နှင့် ကယ်ဆယ်ခြင်း လေ့ကျင့်ခြင်းများ ဆောင်ရွက်ပါသလား။ | - လည်ပတ်သည့်နေရာရှိ ဓာတ်ငွေ့/မီးရာဖွေစက်မှ ဓာတ်ငွေ့ယိုစိမ့်မှုနှင့် မီးလောင်မှုကို သိရှိနိုင်မည်ဖြစ်သည်။ ပိုက်လိုင်းမှ ဓာတ်ငွေ့ယိုစိမ့်မှုနှင့် မီးလောင်ကျွမ်းမှုအတွက် block valve ကို ထိန်းချုပ်မည်ဖြစ်ပြီး စက္ကန့်အနည်းငယ်အတွင်း အလိုအလျောက် ပိတ်သွားမည်ဖြစ်သည်။<br>စီမံကိန်းကို အကောင်အထည် ဖော်သည့်အခါတွင် PTTEPI တွင် အရေးပေါ်တုံ့ပြန်ရေး/မီးသတ်အဖွဲ့ ရှိသည်။ အစီအစဉ်အတိုင်း လေ့ကျင့်ရေးကွင်းကိုလည်း ကွင်းအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး အရှိန်မြင့်လာပါက မီးသတ်တပ်ဖွဲ့နှင့် ထပ်မံ ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ | ဤစီမံကိန်းအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်ကို ပြင်ဆင်ခြင်း။<br>မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ဝန်ထမ်းများနှင့် ဒေသခံရွာသားများအား ဘေးကင်းရေး သင်တန်းများ ပို့ချပေးခြင်း။ |
| ၂ | စက်ရုံဧရိယာ ဧက ၄၀ ဧက ရှိသည့် ကျိုက်လက်နှင့် စက်ရုံ တည်ဆောက်မည့် ဧက ၁၀၀ ရှိသည့် ဒေါ်ညီမ်းတွင် မြေယာပိုင်ဆိုင်မှုကို ပြင်းပြင်းထန်ထန် ပြန်လည်သုံးသပ်ပြီး စီစဉ်ပေးရန်။ | မြေယာကို MOGE အမည်ဖြင့် ရယူမည်ဖြစ်သည်။ | လူထုတွေ့ဆုံပွဲများကျင်းပပြီး သင့်လျော်သောနေရာများတွင် သတင်းအချက်အလက်များကို ထုတ်ဖော်ခြင်း။<br>စီမံကိန်း ဧရိယာမြေပုံအား ဖော်ပြခြင်း။<br>စီမံကိန်းအတွက် အသုံးပြုသည့် မြေဧရိယာအားလုံးအတွက် လျော်ကြေးငွေ ညှိနှိုင်းပေးခြင်း။ |
| ၃ | - စီမံကိန်းဧရိယာသည် ဒေသခံ ငါးဖမ်းလုပ်ကွက်အတွင်းတွင်ရှိပြီး နောက်မြီးကျေးရွာရှိ ဒေသခံတံငါသည်များမှာ ထိခိုက်မှုအများဆုံး ဖြစ်နိုင်ချေရှိသည်။ ထို့ကြောင့်၊ ရေကြောင်း သတိပေးချက်အား ကြိုတင်ထုတ်ပြန်ရန်နှင့် အပြောင်းအလဲ တစ်စုံတစ်ရာရှိပါက စီမံကိန်း အချိန်ဇယားကို အချိန်နှင့် တပြေးညီ အသိပေးရန် တောင်းဆိုပါသည်။ | - ငါးဖမ်းလုပ်ငန်းအပေါ် သက်ရောက်မှုလျှော့ချရန် MOGE နှင့် PTTEPI တို့နှင့် ပူးပေါင်း၍ ရေကြောင်းသွားလာရေးဆိုင်ရာ သတိပေးချက်အား စီမံကိန်းမစတင်မီတွင် ထုတ်ပြန် ကြေညာမည်ဖြစ်သည်။ စီမံကိန်းသည် နောက်ပိုင်းတွင် ဒေသခံရေလုပ်သားများ ထိခိုက်ခံရနိုင်သည့် အခြေအနေနှင့် တိုက်ရိုက် ဆက်သွယ်ပေးမည် ဖြစ်သည်။<br>- | စီမံကိန်း မစတင်မီ 2 ပတ်အလိုတွင် ရေကြောင်း သတိပေးချက်အား ထုတ်ပြန်ခြင်း။<br>လုပ်ကွက်နှင့် အနီးတစ်ဝိုက်တွင် မီတာ 500 ချန်လုပ်ထားသော ဘေးကင်းရေးဇုန်တစ်ခု ထူထောင်ခြင်း။<br>ငါးပိုက်နှင့် ထောင်ချောက်များ ပျက်စီးမှုအတွက် လျော်ကြေးငွေ ပေးဆောင်ခြင်း။ |

| စဉ် | မေးခွန်း/ အကြံပြုချက် | အဖြေများ | လျော့ချရေးနည်းလမ်းများ |
|---|---|---|---|
| ၄ | - စီမံကိန်း တည်နေရာများ၏ ကိုသြဒိနိတ် အမှတ်များကို သိရှိလိုပါသည်။<br>- အခြေခံ စစ်တမ်းမှ ရလဒ်များကို သိရှိလိုပါသည်။<br>စီမံကိန်းလုပ်ဆောင်မှုများနှင့် စီမံကိန်းစွန့်ပစ်ပစ္စည်းများကြောင့် အဏ္ဏဝါသက်ရှိများ/ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်လာမည်ကို ကျွန်ုပ်တို့စိုးရိမ်ပါသည်။ | - စီမံကိန်း၏ ကိုသြဒိနိတ်အမှတ်များကို ရေကြောင်းသတိပေးချက် မှတစ်ဆင့် တရားဝင် ကြေငြာမည်ဖြစ်ပါသည်။ အစည်းအဝေးအပြီးတွင်လည်း ကိုသြဒိနိတ်အမှတ်များကို မျှဝေပေးပါမည်။<br>- သက်ရောက်မှုတစ်ခုစီအတွက် လျော့ပါးသက်သာရေးအစီအမံကို ထည့်သွင်းစဉ်းစားပြီး EIA အစီရင်ခံစာတွင် ထည့်သွင်းမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကို ကမ်းလွန်ပင်လယ်ပြင်တွင် စနစ်တကျ စီမံခန့်ခွဲပြီး လိုင်စင်ရ ကန်ထရိုက်တာနှင့် အပြီးသတ် စွန့်ပစ်ရန်အတွက် ကုန်းတွင်းသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။ အမှိုက်များကို ပင်လယ်ထဲသို့ လွှင့်ပစ်မည်မဟုတ်ပါ။ | လူထုအစည်းအဝေးမှ အကြံပြုချက်များအား EIA တွင် ထည့်သွင်းခြင်း။<br>စီမံကိန်းဧရိယာအားလုံး၏ မြေပုံကို ဖော်ပြခြင်း။<br>စီမံကိန်း လုပ်ငန်းများ မစတင်မီ ပြည်သူများအား အသိပေးခြင်း။<br>လိုင်စင်ရ အမှိုက်စီမံခန့်ခွဲမှု ကုမ္ပဏီသည် အမှိုက်စွန့်ပစ်မှုအားလုံးအတွက် တာဝန်ရှိခြင်း။ |
| ၅ | ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း။ | ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ PTTEPI သည် ဒေသခံပြည်သူများအား ဦးစားပေးခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံလူထု၏စိုးရိမ်မှုများကို ဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ | အလုပ်အကိုင်အစီအစဉ်ကို ပြင်ဆင်ပြီး ဒေသခံလူထုနှင့် ဆွေးနွေးခြင်း။<br>ဒေးဒရဲ နှင့် ဖျာပုံ မြို့နယ်များသို့ သွယ်တန်းထားသော RoW မြေပုံကို ပေးအပ်ပြီး RoW တစ်လျှောက် လျော်ကြေးငွေညှိနှိုင်းခြင်း။ |
| ၆ | ကျွန်ုပ်တို့ရွာသည် ပင်လယ်နှင့်နီးသောကြောင့် အခြားရွာများထက် သဘာဝဘေးဒဏ်ကို အမြဲခံစားနေရပါသည်။ နောက်တစ်ခုကတော့ ဒေါ်ညိမ်းရွာမှာ အထွေထွေရောဂါကုဆေးရုံရှိပေမယ့် ကျွန်တော်တို့ရွာမှာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးခန်းငယ်လေးတွေပဲ ရှိပါတယ်။ နောက်ပြီး ကျွန်တော်တို့မှာ လျှပ်စစ်မီး မရှိဘူး။ | စီမံကိန်းသည် နှစ် ၂၀ ခန့် ကြာမည်ဟု ခန့်မှန်းထားပြီး CSR အစီအစဉ်ကို စီမံကိန်းကာလတစ်လျှောက် ကျေးရွာအများအပြားတွင် ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပြုထားသည့် CSR လုပ်ငန်းများကို လာမည့်နှစ်ဘတ်ဂျက်တွင် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ PTTEPI သည် ဒေသခံလူထုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် လာမည့်နှစ်တွင် CSR စစ်တမ်းလှုပ်ရှားမှုများကို ပိုမိုလုပ်ဆောင်ရန် ကြိုးစားသွားမည်ဖြစ်သည်။ | စီမံကိန်းအတွက် CSR Plan ကိုပြင်ဆင်ပြီး ထိခိုက်ခံစားရသည့် လူထုနှင့် ဆွေးနွေးခြင်း။ |
| ၇ | ရာသီအလိုက် စပါးစိုက်ဖို့ စီစဉ်ရတဲ့အတွက် စီမံကိန်းက ဘယ်အချိန်မှာ စပြီး ရွာကို ရောက်လာမလဲဆိုတာ သိချင်ပါတယ်။ | စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများကို 2024 ခုနှစ်တွင် စတင်မည်ဖြစ်ပြီး စီမံကိန်းစတင်မည့်အချိန်တွင် PTTEPI သည် အဓိကကျသော ပုဂ္ဂိုလ်မှတစ်ဆင့် အသေးစိတ်လုပ်ဆောင်မှုများကို ဒေသခံပြည်သူများအား 2 လ သို့မဟုတ် 3 လ ကြိုတင်အကြောင်းကြားမည် ဖြစ်ပါသည်။ | ပိုက်လိုင်း RoW မြေပုံကို ဒေသခံလူထုအား ပေးအပ်ပြီး RoW တစ်လျှောက် လျော်ကြေးငွေ ညှိနှိုင်းခြင်း။<br>စီမံကိန်း လုပ်ငန်းများအတွက် ကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်း။ |
| ၈ | ပိုက်လိုင်းတည်ဆောက်ပြီး လျော်ကြေးပေးပြီးနောက် ထိုဧရိယာကို | ပိုက်လိုင်းတည်ဆောက်ပြီး လျော်ကြေးပေးပြီးနောက် ၎င်းကို MOGE/Government နှင့် သက်ဆိုင်မည်ဖြစ်ပြီး | မြို့နယ်များသို့ သွယ်တန်းထားသော RoW |

| စဉ် | မေးခွန်း/ အကြံပြုချက် | အဖြေများ | လျော့ချရေးနည်းလမ်းများ |
|---|---|---|---|
| | ရွာသားများက အသုံးပြုရန် ဖြစ်နိုင်ပါသလား။ | ပိုက်လိုင်းနှင့် RoW ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်မည်ဖြစ်သည်။ ဥပမာ မြက်ခင်းပြင် စိုက်ပျိုးခြင်း။ | မြေပုံကို ပေးဆောင်ပြီး RoW တစ်လျှောက် လျော်ကြေးငွေ ညှိနှိုင်းခြင်း။ |
| ၉ | ဒေးဒဲမြို့နယ်တွင် မည်သို့သော CSR လုပ်ငန်းများကို အကောင်အထည်ဖော်မည်နည်း။ | PTTEPI တွင် CSR လှုပ်ရှားမှု အမျိုးအစား ၄ မျိုးရှိသည်။ အချို့သော CSR လုပ်ငန်းများသည် အချို့သောကျောင်းများတွင် တံတားတည်ဆောက်ခြင်းနှင့် သောက်ရေပေးဝေခြင်းစသည့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ အနာဂတ် CSR လှုပ်ရှားမှုများဖြစ်သည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ ဥပမာ-။ အပ်ချုပ်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းနှင့် ကထိန် အခမ်းအနားအတွက် လှူဒါန်းခြင်း။ | စီမံကိန်းအတွက် CSR Plan ကိုပြင်ဆင်ပြီး ထိခိုက်ခံစားရသည့် လူထုနှင့် ဆွေးနွေးခြင်း။<br>အလုပ်အကိုင်အစီအစဉ်ကို ပြင်ဆင်ပြီး ဒေသခံလူထုနှင့် ဆွေးနွေးခြင်း။ |
| ၁၀ | ဒီစီမံကိန်းကို ဒေါ်ညိမ်းကျေးရွာမှာ အကောင်အထည်ဖော်မှာဖြစ်ပြီး ဒေသခံလူထုကို ထိခိုက်မှုလျော့ပါးစေဖို့အတွက် ဒီရေတောစိုက်ဖို့ အစီအစဉ်ရှိပါသလား။ | PTTEPI သည် ဖျာပုံခရိုင် သစ်တောဦးစီးဌာန၏ အကြံဉာဏ်နှင့် လမ်းညွှန်မှုအောက်တွင် ဒီရေတောသစ်တောကို တည်ထောင်ရန် စီစဉ်လျက်ရှိသည်။ | ဒီရေတောများ ကာကွယ်စောင့်ရှောက်ရေး အစီအစမံများ ဆောင်ရွက်ပေးခြင်း။ |
